ဗုဒ္ဓေါရုသ အရှင်ကုဏ္ဍာဓရိမ (ဦးဖောမိ)
(ဖောမိရိပ်ငြိမ်တောရ)

# ပတ္တမြားမြေမှ တရားအမွေ

## (သို့မဟုတ်)

# ပတ္တမြားနှင့် သမင် တရားနှင့် သင်

BURMESE CLASSIC .com

သက္ကရာဇ် - ၁၃၇၄ ခုနှစ်၊
ခရစ်နှစ် - ၂၀၁၂ ခုနှစ်၊

www.burmeseclassic.com

# ပတ္တမြားမြေမှ တရေးအမွေ

## ဦးထွန်းအောင်၏ (၅၂) နှစ်မြောက် မွေးနေ့ ဓမ္မဒါန

BURMESE CLASSIC .com

အနန္တောအနန္တငါးပါး ဦးထိပ်ထားလျက်

ဦးထွန်းအောင်+ဒေါ်ကြာသင်းသင်းဝေ

သား မောင်လင်းသူရိန်၊ မောင်ဝေယံမင်းခန့်

မိသားစုကောင်းမှု

"မြူးပန်းကမ္ဘာမှန်ဆိုင်"

အမှတ်(၁၀၀)၊ ၁၅ လမ်း (အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com

ဗုဒ္ဓေါရသ အရှင်ဣန္ဒာစရိယ

ဗောဓိရိပ်ငြိမ်တောရ

မှော်ဘီ

# ပတ္တမြားမြေမှ တရားအမွေ

သို့မဟုတ်

# ပတ္တမြားနှင့်သမင် တရားနှင့်သင်

**ဓမ္မဒါန**

သာသနာ - ၂၅၅၆ (၁၈-၆-၂၀၁၂) ကောဇာ - ၁၃၇၄ ခုနှစ် နယုန်လကွယ်

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | မြိုင်မှသည် မိုးဆီသို့ | ၃ |
| ၃။ | သာသနာမညှိုးဖို့ | ၁၀ |
| ၄။ | မိုးနှင့်မိတ် | ၁၂ |
| ၅။ | မိုးဟူသည်မှာ | ၁၄ |
| ၆။ | ဆရာတော် ဘယ်မှ မကြွပါ | ၁၇ |
| ၇။ | အိပ်မက်ထဲက ရွာကလေး | ၁၉ |
| ၈။ | ငါ့ကို မခင်နဲ့ | ၂၀ |
| ၉။ | ရနံ့အတွေ့နှင့် အတွေး | ၂၅ |
| ၁၀။ | သွားသာသွား နားမနေနဲ့ | ၂၇ |
| ၁၁။ | မအိပ်မနေ | ၃၀ |
| ၁၂။ | ဦးသံတွဲရဲ့ကံပဲ | ၃၅ |
| ၁၃။ | ကျောက်စာ | ၃၉ |
| ၁၄။ | ဆွမ်းလောင်းမြင်ကွင်း | ၄၁ |
| ၁၅။ | ဆွမ်းအတူ မပဒန်ဂူ | ၄၇ |
| ၁၆။ | ဗောဓိတို့ ဆိတ်ငြိမ် | ၄၉ |


www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ကြိုက်စာလို့မဟုတ် ဗိုက်ဆာလို့ | ၅၁ |
| ၁၈။ | ကပ္ပိယကင်းကင်း တစ်ပါးချင်း | ၅၂ |
| ၁၉။ | ဟင် ... ဟင် | ၅၃ |
| ၂၀။ | ဝိနည်းတော်နှင့်အညီ ဩဝါဒဆီသို့ | ၅၅ |
| ၂၁။ | ခုတင်ဖျက်၍ | ၅၇ |
| ၂၂။ | ရဟန်းအချင်းချင်း | ၅၉ |
| ၂၃။ | သိမ်ကဆင်း ဆရာဒကာကွဲခြင်း | ၆၂ |
| ၂၄။ | ရဟန်းဒကာ | ၆၄ |
| ၂၅။ | ဘဝကံဆိုးပုံက | ၆၇ |
| ၂၆။ | ရဟန္တာမဟုတ် ရဟန်းနာ | ၆၉ |
| ၂၇။ | နဝဓုတင်္ဂါစာရနှင့် ဗုဒ္ဓါရသ | ၇၀ |
| ၂၈။ | အကျင့်စကားလေး ပြောပါအုံး | ၇၂ |
| ၂၉။ | အတွင်းစကားထဲက သာသနာပြုစကား | ၇၄ |
| ၃၀။ | ကြမ်းကုန်ပြီ | ၇၇ |
| ၃၁။ | ကျန်းမာရေးက ပန်းနာ | ၇၉ |
| ၃၂။ | မဘိန်းလား မဘိတ်လား | ၈၀ |
| ၃၃။ | နေမင်းနဲ့ ကွေကွင်းခဲ့ပုံ | ၈၄ |
| ၃၄။ | မဘိန်းနှင့် ဖူးစာမဆုံခဲ့ | ၈၆ |
| ၃၅။ | မိုးမိတ်တို့စုံ မိုးတိတ်ဖို့ကြံ | ၈၉ |
| ၃၆။ | အချင်ဖမ်းကာ ခရီးလမ်းရှာ | ၉၀ |
| ၃၇။ | ဗုံမတီးမီ အုံ့ပြီးလာလို့ | ၉၂ |
| ၃၈။ | ဘေးတွေ့ရပြီ | ၉၄ |
| ၃၉။ | သုံးချောင်းထောက် | ၉၆ |
| ၄၀။ | ကဆုန်လပြည့် အကုန်ခဏတွေ့လို့သာ | ၉၇ |
| ၄၁။ | ဆွမ်းမကြွမှ လွမ်းကြတော့တယ် | ၉၉ |
| ၄၂။ | နေလို့မကောင်းလို့ ရွှေ့ဖို့ပြောင်းဖို့ | ၁၀၁ |
| ၄၃။ | မနေ့လုပ်မှ အဟုတ်ဖြစ် | ၁၀၄ |
| ၄၄။ | မှာစရာလေးတွေ အလီလီ လက်လုပ်တောင်ဆီသို့ | ၁၀၆ |
| ၄၅။ | ရှုကွက်တွင်းက မြင်ကွင်း | ၁၁၁ |
| ၄၆။ | စန်းပြတ်လက်ပြတ် နန်းကပ်လိမ့် | ၁၁၃ |
| ၄၇။ | နှမ်းခွေတာနဲ့ စမ်းရေပမာ | ၁၁၇ |
| ၄၈။ | ရဟန်းအလုပ် နောက်မဆုတ်နဲ့ | ၁၁၈ |
| ၄၉။ | မီးများ မီးနိုင်၊ ရေများ ရေနိုင် | ၁၁၉ |
| ၅၀။ | တကယ်လုပ် အဟုတ်ဖြစ် | ၁၂၀ |
| ၅၁။ | ဂူအတွင်းမှ ပြန်ဆင်းခဲ့ | ၁၂၃ |


BURMESE CLASSIC .com

www.burmeseclassic.com

စဉ် အကြောင်းအရာ စာမျက်နှာ


၅၂။ ထူးခြားလို့ ဖူးအားပိုခဲ့သူ ၁၂၅
၅၃။ တစ်သက်နှင့်တစ်ကိုယ် မတွေ့ဖူးဟုဆို ၁၂၉
၅၄။ ပတ္တမြားမြေအတွေး ၁၃၂
၅၅။ ပတ္တမြားနှင့်သမင် တရားနှင့်သင် ၁၃၄
၅၆။ ပတ္တမြားနှင့်သမင် တရားနှင့်သင်(ကဗျာ) ၁၃၇
၅၇။ ပတ္တမြားနှင့်မြက် ၁၃၉
၅၈။ ဘုရားပေးလိုသောအမွေ ၁၄၂
၅၉။ တစ်နည်း အမွေ ၁၄၅
၆၀။ အမွေခံ (၆)ဦး ၁၄၇
၆၁။ အမွေပေး အမွေခံ ယူတတ်ရန် ၁၄၉
၆၂။ ပတ္တမြားမြေဆိုပေမယ့် ၁၅၄
၆၃။ နိဂုံးဆုတောင်း ၁၅၉


# နိဒါန်း

မိုးမိတ်မြို့နယ်၊ ညောင်နီရွာအနီး မပဒန်ဂူတွင် ခေတ္တ သီတင်းသုံးနေတော်မူသော မဟာဗောဓိမြိုင် ဆရာတော်ကြီးထံ သွားရောက်၍ ဩဝါဒခံယူရာ၌ ဆရာတော်ကြီး၏ မိန့်ဆိုချက်တွေ၊ ဓမ္မဒေသန ရှင်းပြချက်တွေနှင့် အတူ . . .

ပတ္တမြားမြေ မိုးကုတ်မြို့သို့ ရောက်နေခိုက်မှာ. . .

မိုးကုတ်-ဘော်ပတန်းရွာ ဘော်ပတန်းဂူတွင် မိုးကုတ်ဆရာတော်ဘုရားကြီး တရားကျင့်တော်မူခဲ့သည်များကို ပူဇော်ခြင်းများနှင့်

မိုးမိတ်မြို့၊ ညောင်နီရွာ မပဒန်ဂူတွင် မဟာဗောဓိမြိုင်ဆရာတော်ကြီး သီတင်းသုံး၍ တရားကျင့်တော်မူနေသည်များကို ပူဇော်သော အတွေးများက ဖွဲ့သြစွာ ကျက်စားနေခဲ့သည်။

www.burmeseclassic.com

ထိုသို့ အတွေးနယ်ချဲ့ရာမှသည် အရေးနယ်ဘက်သို့ အလှည့်ရောက်ခါ မှတ်တမ်းတင်ခဲ့ရသည်။

ထိုမှတ်တမ်းများသည် . . .

ဇာတ်လမ်းလည်း မဟုတ်၊
နတ်စခန်းလည်း မဟုတ်၊
ဓာတ်စခန်းလည်း မဟုတ်၊
အမြတ်စခန်းသို့သာ ဦးတည်ပါသည်။

ယင်းမှတ်တမ်းမှ အမြတ်စခန်းသို့ ဦးတည်ပါသော **"ပတ္တမြားမြေမှ တရားအမွေ"** သို့မဟုတ် **"ပတ္တမြားနှင့် သဗင် တရားနှင့်သင်"** ဟူသော စာစဉ်ကို သူတော်ကောင်းတို့ ဆီသို့ ပေးပို့ပါသည် အားဖြစ်ဖို့ ကြံရွယ်ပါ၏။

**ပတ္တမြားနှင့် သဗင်**
**တရားနှင့် သင်**
**မပြန်စေချင်လို့**
**စီစဉ်ပို့သတည်း။**

**အရှင်ဗုဒ္ဓါစရိယ (ဗုဒ္ဓါရသ)**
ဗောဓိရိပ်ငြိမ်တောရ၊ မော်ဘီ။



နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မြိုင်မှသည် မိုးဆီသို့

မဟာမြိုင်တောကြီးအတွင်း သီတင်းသုံးနေတော်မူသော မဟာဗောဓိမြိုင်ဆရာတော်ကြီးက ဖူးမြော်ခွင့်များနှင့်အတူ တရားတော်များ ချီးမြှင့်သည့်ကာလ သုံးနှစ်အတွင်းဝယ် နှစ်ကြိမ်တိုင်တိုင် တရားလျှောက်ခွင့် ဩဝါဒခံယူခွင့် ရခဲ့ပါသည်။ ဆရာတော်ကား မဟာမြိုင်တွင်း (၉)နှစ်ခန့်ပင် သီတင်းသုံးတော်မူခဲ့သည်။

ယမန်နှစ်က သွားရောက်ရာတွင်လည်း စာရေးသူအား ဩဝါဒပေးရာတွင် သာသနာပြုရာ၌ လိုအပ်ချက်များ၊ မမ္မဒဿနများကိုရှင်းပြတော်မူသည်။ တစ်သက်တာအတွက် မမေ့စရာအချက်တွေပင် ဖြစ်တော့၏။

www.burmeseclassic.com

★ မေတ္တာ ကရုဏာ ထုံမွမ်းထားသော နှလုံးသားမှ အေးငြိမ်းခြင်းနှင့်အတူ ပေါ်ထွက်တော်မူသော အတွင်းစကား။

★ သာသနာတော်တွင်းသားအချင်းချင်း အတွင်းသား အတွင်းစကား။

★ သတိပဋ္ဌာန် ဝိပဿနာလမ်းပေါ်က အသိဉာဏ် ဖြစ်ဖို့ ရှုကွက် ရှုချက် ဖြစ်ပျက်တို့၏ ခရီးဆက်ပုံများကို ခန္ဓာအတွင်း ဉာဏ်မြင်ရှင်းအောင် အတွင်းကျကျ မိန့်တော်မူသော အတွင်းစကား။

★ ဖရင်း မိပမာ အသိပေါ်လာဖို့ ကောင်းစွာညွှန်ကြား ကောင်းမှုပွားစေဖို့ အတွင်းကျကျ ရှင်းပြသော အတွင်းစကား။

ဤသို့ အတွင်းစကား အတွင်းနား အတွင်းနှလုံးသားမှာ ဉာဏ်လင်းသွားအောင် မိန့်ကြားတော်မူသော အတွင်းစကားများက အားဆေးတစ်ခွက် နေ့စဉ်ဆက်သောက်ရသည့်နှယ်ရှိနေဆဲ၊ မိမိကြောင့်လည်း ဆရာတော်ကြီးအား တာဝန် မကြီးမားစေလိုခြင်းတို့ ကြောင့်ပင် ဒီနှစ် မဟာမြိုင်ခရီးစဉ် မသွားဖြစ်ခဲ့ချေ။ ရလာတဲ့ ခွန်အားများဖြင့် ပွားများနေဖို့သာ ကြိုးစားရတော့၏။



သို့သော်လည်း ဆရာတော်ကြီး၏ ကျန်းမာရေးနှင့် အခြားမိန့်ဆိုသံများကိုတော့ နားစွင့်နေမိ၏။ ရပ်နီးရပ်ဝေး ဒကာ၊ ဒကာမများလည်း ကားကြီး၊ ကားငယ် အသွယ်သွယ်နှင့် အဖွဲ့ကြီး၊ အဖွဲ့ငယ်တို့ သွားနေကြတော့၏။ ထိုသူတို့အား ဟောကြားသော တရားတော်တို့သည် စီဒီများဖြင့် ဖြန့်ထွက်ခဲ့ကြပါသည်။

မဟာမြိုင်တွင် ဆရာတော်ကြီး စပြီးဖွင့်၍ ဟောကြားသည့် တရားများကို အကျဉ်းချုပ် အဆီထုတ်ပါက. . .

၁။ သံဃာတော်များကို ကြည်ညိုတတ်ဖို့၊

၂။ အကျင့်ရောက်အောင် အသိဉာဏ်ဖြင့် လှူဒါန်းတတ်ဖို့၊

၃။ သာသနာနှင့် လူ့ဘဝ ကြုံကြိုက်တုန်း တရားအားထုတ်ဖို့၊

၄။ ငွေကုန် လူပန်းပြီး ကျင့်နေတဲ့ ရဟန်းအတွက် အနှောင့်အယှက်မဖြစ်အောင် နောက်မလာဖို့၊ တစ်နှစ်တစ်ခါ တစ်ညတာအိပ်ဖို့၊

ဤအချက်အလက်တွေသာ များသောအားဖြင့် မိန့်တော်မူ၏။

www.burmeseclassic.com

ဆရာတော်ကြီးသည် ဒကာ၊ ဒကာမများကို ပေးလိုတာက ဓမ္မဒါယာနများသာ၊ ဒါန, သီလ, သမာဓိ လောက်ဖြင့် မရပ်နား မတင်းတိမ်ဘဲ ကိုယ်ထိလက်ရောက် ကြိုးစားအားထုတ်စေခြင်း၊ တရားတွေ့ပုံများကိုသာ လျှောက်စေလို၏။ တရားကျင့်ရာ၌ အခက်အခဲများကို ဖြေရှင်းပေးလို၏။

သို့သော်လည်း ငါတို့ ဘာတွေလျှောက်ထားကြသလဲ ဓမ္မတွေလား၊ အတ္တတွေလား၊ သာသနာရေးလား၊ လူမှုရေးလား၊ စီးပွားရေးလား၊ နိုင်ငံရေးလား၊ ကိုယ့်အတွက်လား၊ အများအတွက်လား စဉ်းစားသင့်၏။ လျှောက်ထားသူတို့သည်သာ သိကုန်ရာ၏။

ဒီအချက်တွေဟာ ဆရာတော်ကြီး တောပြောင်း၊ တောင်ပြောင်း၊ ကျောင်းပြောင်းရတဲ့ အကြိမ်ပေါင်းတွေက သက်သေပြနေပါသည်။

ဆရာတော်ကြီးကိုယ်တိုင်ကပင် တကယ်ဖြစ်စေချင်တာက ဒကာ၊ ဒကာမတွေ တရားအားထုတ်စေချင်တာပါ။ တရားလျှောက်စေချင်တာပါ။

လူချင်းတွေ့မှ မဟုတ်ဘူး၊ အကျင့်ချင်း တွေ့နေဖို့ပါ။



လူချင်း ဘယ်လောက်တွေ့တွေ့၊ အကျင့်ချင်း
မတွေ့က အတွေ့မမည်။
အကျင့်ချင်းတွေ့နေက လူချင်း ဘယ်လောက်
ဝေးဝေး တွေ့နေတာပဲ။

ခုတော့ အဲဒီလိုမဟုတ်တော့ဘဲ ဆရာတော်ဘယ်ကြွကြွ တပည့်တော်တို့ နယ်မြေစုံအောင် ရောက်ဖူးတာပေါ့ဘုရားတဲ့။

ဦးဇောတိရေ နယ်မြေစုံရောက်ဖူးချင်တာလောက်ပဲဗျာ့၊ အဲဒီလောက်ပဲ တန်ဖိုးထားတာဗျာ့၊ တန်ဖိုးက အဲဒီလောက်ပဲရှိတော့မယ်ဗျာ့ဟု မိန့်ဖူး၏။

တကယ်တမ်း ဆရာတော်ပေးလိုတာက ဓမ္မဒါယာန
ဖြစ်၏။ အများက လိုချင်နေတာက ကာမတွေ၊
ဘဝတွေ၊ မနတွေ၊ လာဘတွေဖြစ်နေချေတော့၏။
ဤသည်ပင် အပေးအယူမတည့် ရွဲ့နေလေတော့၏။

ဆရာတော်ကြီးကား တစ်ဆိုရင် တစ်ဖြစ်အောင်၊ နှစ်မဖြစ်အောင် ကျင့်ဆောင်တတ်သော ဆရာတော်ဖြစ်သည်။ သင်တို့ မလာနဲ့ လာရင် ငါ ပြောင်းမည် ပြောလည်း သွားကြတာဖြစ်၍ နေရာပြောင်းရပေါင်းလည်း မနည်းတော့ပြီ။

www.burmeseclassic.com

တစ်နေ့သော နံနက်ခင်းမှာတော့ . . .

မဟာဗောဓိမြိုင် ဆရာတော်ကြီးသည် (၄-၄-၂၀၁၂)နေ့ည (၇)နာရီတွင် မဟာမြိုင်တောမှ ကြွသွားတော်မူပြီဟူသော သတင်းစကားမှာ ပျံ့ထွက်လာတော့၏။ တဆက်တည်းပင် ဒေါက်တာလှထွန်းဝင်းနှင့် ဦးဝင်းဆွေတို့ ပါဂျဲရိုးကား အဖြူဖြင့် ပင့်ဆောင်သွားသည်ဟုလည်း ပါလာသေး၏။

မိမိအနေနဲ့ ဆရာတော်ကြီးဟာ မဟာမြိုင်တောမှ ဘာကြောင့် ကြွသွားပါလိမ့်၊ ဘယ်များ ကြွသွားပါလိမ့်။ အင်း . . . အင်း . . . ဟူ၍သာ အဖြေရတော့၏။ ဆရာတော်ကြီးကား သက်တော် (၇၀)ကျော်သည့်တိုင်အောင် ကြမ်းတမ်းတဲ့ခရီးခဲကို ကြွနေရသေးသလား၊ ကျွတ်ထိုက်သူတို့ဘက်က ကြည့်လျှင် အပျော်ဆိုက်စရာ၊ ဆရာတော်ဘက်က ကြည့်လျှင် အမောဆိုက်စရာဖြစ်နေ၏။ ဤအတွေးကား မရပ်၊ အတွေးမှ အတွေ့သို့သာ မျှော်လင့်နေရတော့၏။

ဆရာတော်ကြီးကား သူ့ဘဝကို ကိုယ်တိုင်အတ္ထုပ္ပတ္တိရေးရာ၌ ကျမ်းစာ၏အမည်ကို **“ဘဝကန္တာရသင်္ကေတကထာ” ဘဝခရီးကြမ်းမှ မှတ်တမ်းစကား**



ဟူ၍ ကင်ပွန်းတပ်ခဲ့ပေရာ ဘဝကလည်း ကြမ်းလှ ချည်လားဟု အတွေးတို့ ဆင်းသက်ရာမှ ပြော် . . . သူတော်ကောင်းကြီးများသည် အများချမ်းသာဖို့ရန်အတွက် အပင်ပန်း ခံတော်မူ၏ ဟူ၍သာ။

www.burmeseclassic.com

# သာသနာမညှိုးဖို့

★ ကိုယ်တည်းတစ်ယောက် ချမ်းသာရောက်ဖို့
ခုလောက်ကြိုးကုတ် အားမထုတ်ဘူး၊
ဗုဒ္ဓမြတ်စွာ သာသနာ၏ ရှေးဓါတ်ိုးဘ
လက်ထက်ကလျှင် ရသည့်တန်ဖိုး ထပ်မညှိုးဖို့
အားကြိုးမာန်တက် ငါဆောင်ရွက်သည်
ဆက်လက်တည့်တံ့ပါစေသော်။

★ ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက
နောက်ဆုံးအထိ ပါရမီ၊
လူနတ်များစွာ ချမ်းသာရေးမို့
အသက်ပေးလို့ ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ သာသနာအတွက်မို့
ငါပါ အသက်ဆုံးစေမည်။



နောက်မဆုတ်ပေါင် ခုလိုတွေးလို့
ကုသိုလ်ရေးမို့ ကြိုးစားမည်။

အထက်ပါ အရှင်ဇနကာဘိဝံသ၏ စာပေစကားက မိမိ၏နှလုံးသားမှာ နိုးကြားသွားရတော့၏။ သူတော်ကောင်းကြီးတို့၏ ဂုဏ်ကိုလည်း အာရုံပြုမိတော့၏။

www.burmeseclassic.com

# မိုးနှင့်မိတ်

ဆရာတော်ကြီး ကွယ်လွန်တော်မူပြီး (၁၀)ရက်ခန့်တွင် သတင်းတစ်ခု ကြားလာရပြန်တော့၏။ ဆရာတော်ကြီးသည် မိုးမိတ်ဒေသ၊ ညောင်နီရွာနှင့် သုံးမိုင်ကျော်ခန့်အကွာ တောင်ကြားတစ်နေရာ မပဒန်ဂူတွင် သီတင်းသုံးနေကြောင်းနှင့် ညောင်နီရွာသို့ ဆွမ်းခံကြွတော်မူကြောင်း၊ ဒကာ ဒကာမများလည်း ဖူးခွင့်ရကြောင်း စသည်ဖြင့် သတင်းကြားရတော့၏။ ဒီသတင်းကြားရတော့ မိမိစိတ်ထဲ မထူးသော်လည်း ထူးကဲနေတော့၏။ မကဲသော်လည်း ထူးနေတော့၏။

ဆရာတော်ကြီးကား မိုးမိတ်သို့ တိုးတိုးတိတ်တိတ်၊ အချိတ်အချက်မရှိ ကြွလေဘိ၏။ မိုးမိတ်တို့လည်း မိုးနှင့်မိတ်ဖွဲ့ မိတ်ဆွေမိုး ရွာသွန်းဖြိုးလေသလား၊ မိုးမိတ်တို့ကို



တိုးတိုးတိတ်တိတ် မိုးမဆိတ်ဖို့ အရိပ်အမြွက်စကားပြောကြားချင်တော့၏။ ဤကဲ့သို့သော အခွင့်အရေးမပေးဖူးတဲ့ ဆရာတော်ပါပဲ။ ရှေးက ဒီမိုးမိတ်မှာပေးတဲ့အခွင့်အရေး ပေးလေ့ပေးထ မရှိတတ်ပါ။

မိုးရွာလျှင် အေးချမ်းတယ်၊ မျိုးစေ့တို့ အပင်ပေါက်နိုင်တယ်။ အပင်ရင့် အပွင့်အသီးတို့လည်း ရင့်ကျက်၍ပွင့်သီးနိုင်ပါတယ်။ ဩဇာမြေဆွေးများ ရေပေးသဖြင့် အားပေးစွမ်းအားရှိလျက်သာ။

သို့သော်လည်း မိုးသည် အချိန်ပြည့် မရွာတတ်၊ လေထန်လျှင်လည်း မိုးပျောက် နေပူသို့ ရောက်ရတတ်တယ်၊ မိုးကာလသာ မိုးရွာတတ်ပြီး ဆောင်း၊ နွေကျလျှင် မိုးမစွေတတ်ဟူသော အတွေးများနှင့်အတူမိုးဟူသော စကားကို အဓိပ္ပာယ်စကားဖွင့်၍ စဉ်းစားနေမိတော့၏။

www.burmeseclassic.com

## မိုးဟူသည်မှာ

ဘုရားရှင်သည် သာဝတ္ထိပြည်မြို့ ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် နေတော်မူစဉ်အခါက မိုးလေးမျိုးဥပမာဖြင့် လူလေးမျိုးတို့ကို ဟောကြားတော်မူ၏။

၁။ ချုန်းသာချုန်း၍၊ မရွာသောမိုး။

၂။ ရွာသာ ရွာ၍၊ မချုန်းသောမိုး။

၃။ ချုန်းလည်း မချုန်း၊ ရွာလည်း မရွာသောမိုး။

၄။ ချုန်းလည်းချုန်း၊ ရွာလည်း ရွာသောမိုး။

ဤသို့ပင် မိုးလေးမျိုး တရားတော်တို့ကို ဥပမာပေး၍ လူလေးမျိုးတို့ကိုလည်း ဟောကြားတော်မူ၏။

၁။ အပြောသာ ပြော၍၊ အလုပ်မလုပ်သူသည်
ချုန်းသာချုန်း၍၊ မရွာသောမိုးနှင့် တူလေ၏။



၂။ အလုပ်သာလုပ်၍၊ မပြောသောသူသည်
ရွာသာ ရွာ၍၊ မချုန်းသောမိုးနှင့် တူလေ၏။

၃။ ပြောလည်း မပြော၊ အလုပ်လည်း မလုပ်သူသည်
ချုန်းလည်း မချုန်း၊ ရွာလည်း မရွာသောမိုးနှင့် တူလေ၏။

၄။ ပြောလည်းပြော၊ လုပ်လည်း လုပ်သူသည်
ချုန်းလည်း ချုန်း၊ ရွာလည်း ရွာသော မိုးနှင့် တူလေ၏။

ဤသည်တို့ကား ဘုရားရှင်သည် မိုးလေးမျိုးနှင့်တူသော လူလေးမျိုးတို့ကို ဟောကြားတော်မူလေ၏။ သင်စာဖတ်သူ မိုးလေးမျိုး ဘယ်မိုးမျိုးလည်း စဉ်းစားသင့်၏။

ဆရာတော်ကြီးကား မိုးမိတ်သို့ တိုးတိုးတိတ်တိတ်ကြွသည်ဖြစ်၍ မိုးမိတ်သားတို့အဖို့တော့ မချုန်းဘဲရွာသော မိုးဟူ၍လည်းကောင်း၊ မချုန်းဘဲရွာသော ဆရာတော်ဟူ၍လည်းကောင်း ဆိုချင်ပါတော့၏။ ဆရာတော်ကြီးကား တစ်ခါတစ်ရံမူ ချုန်းလည်း ချုန်း၊ ရွာလည်း ရွာတတ်ပါသေး၏။

ယခုအခါ မိုးမိတ်သားတို့အဖို့ မိုးကာလ မိုးရွာချနေချိန်ဖြစ်၍ မိုးရွာတုန်း ရေခံတတ်ဖို့လိုပါတယ်၊ မိုးရွာ

www.burmeseclassic.com

တုန်းတော့ ရေခံပါတယ်။ ခံတဲ့ရေခွက်က ပေါက်နေမည်၊ မှောက်နေမည်ဆိုပါက ရေမရနိုင်ပါ။ အကယ်၍ ရေခွက်က စောင်းနေမည်ပါကလည်း ရေခွက်အပြည့် ရေရမည် မဟုတ်ပါချေ။

ဆရာတော်ကြီးသည်ကား အခြားနေရာများတွင် မိုးမိတ်တို့ကဲ့သို့ အခွင့်အရေးမပေးတတ်၊ မိုးမိတ်တို့ကား ထူးထူးခြားခြား အခွင့်အရေးပေးခြင်းမှာ ဧည့်သည် အခွင့်အရေးမျှဆိုတာ သိမယ်မထင်သေးပါ။ ခေတ္တ မိုးသည်းထန်နေခြင်းကို မရိပ်မိသေးပါချေ။



# ဆရာတော် ဘယ်မှ မကြွပါ

ဇောမိရိပ်ငြိမ်တောရတွင် သင်္ကြန်တရားစခန်း၌ ယောဂီရော၊ ဝေယျာဝစ္စပါ အားလုံး တစ်ထောင်ကျော် ရှိကုန်၏။ သူတို့၏ အမေးကား ဆရာတော်ကြီး ဘယ်ကြွ တော်မူပါသလဲ မေး၏။

စာရေးသူက ဆရာတော်ကြီး မကြွပါ၊ ရှိနေပါ သည်ဟု ပြောတော့ အားလုံးက ကြောင်တက်တက် ဖြစ်နေကြသည်။ ဘာပြုလို့လဲဆိုတော့ ဆရာတော်ကြီး မဟာမြိုင်မှ ကြွသွားတော်မူကြောင်း သတင်းတွေက အတိအကျ ရနေလို့ပါတဲ့ဟု လျှောက်ကြ၏။

စာရေးသူက ဆရာတော်ကြီး မဟာမြိုင်တောမှ ကြွသွားတော်မူတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ နှလုံးသား

www.burmeseclassic.com

ထဲမှာ ကြွမသွားဘူး၊ သီတင်းသုံးနေတုန်းပါပဲ၊ ကြွဖို့လည်း အစီအစဉ်မရှိသေးဘူးလို့ ပြောတော့မှ ပြုံးကြပြီး တပည့်တော်တို့ သဘောပေါက်ပါပြီဟု ဆရာကြီး ဦးမြကြိုင်၏ တပည့်ကျောင်းသားတွေက ဖြေကြလေ၏။

ဘာပဲပြောပြော ဆိတ်ငြိမ်မှု၊ အေးချမ်းမှုရှိနေမယ်ဆိုရင် မိမိတို့ရဲ့နှလုံးသားမှာ ဆရာတော် ရှိနေပါသည်။ ဗုဒ္ဓ ဓမ္မ သံဃာ ရှိနေပါသည်။ ဘယ်နေရာကိုမှ ကြွမည် မဟုတ်၊ ကြွသွားခြင်းဟာလည်း ပူလောင်ခြင်း၊ ဆူညံခြင်း တင်းပြည့်လို့သာ ဖြစ်ပါချေ၏။ သူတော်ကောင်း ဓာတ်သည် အအေးဓာတ်၊ အငြိမ်းဓာတ်ဖြစ်၍ အပူဓာတ်၊ အလောင်ဓာတ်နေရာတို့တွင် ကြာရှည်စွာ မနေတတ်ချေ။ ဒါကတော့ သဘာဝဓမ္မတွေပါ။



# အိပ်မက်ထဲက ရွာကလေး

ဆရာတော်ကြီး ကြွသွားပြီး သုံးရက်တွင် အိပ်မက်တစ်ခု မက်လာ၏။ လူတစ်ယောက်က လာရောက်ပြောဆိုခြင်းဖြစ်၏။ ဆရာတော်ကြီးကို ဂူထဲတွင် ပင့်ထားပါသည်။ ဂူထဲတွင် သီတင်းသုံး၍ ဆွမ်းခံထွက်ပါသည်။ ဂူနာမည်နှင့် ဆွမ်းခံကြွသည့်ရွာများကိုပါ ပြောကြား၏။ ရွာအမည်၊ ဂူအမည်များကို မမှတ်မိလိုက်ပေမယ့် စနေနံပါကြောင်းများကိုတော့ မှတ်ထားမိလေ၏။ ထို့နောက်မှ မိုးမိတ်ရောက်ကြောင်း သတင်းများ ကြားရလေသည်။ တိုက်ဆိုင်မှုလားမသိ အံ့ဩနေမိတော့သည်။

တကယ်ရောက်သွားတဲ့အချိန်ကျတော့ အိပ်မက်ထဲက ရွာကလေးပုံစံအတိုင်း ဖြစ်နေတော့ အံ့ဩနေမိတော့သည်။

www.burmeseclassic.com

# ငါ့ကို မခင်နဲ့

နောက် မကြာမီကာလတွင် အိပ်မက်တစ်ခု မြင်မက်လာပြန်၏။

ဆရာတော်သည် ကျောင်းငယ်လေးတွင် သီတင်းသုံးနေတော်မူ၏။ အခြားသံဃာများလည်း လာရောက်ဖူးမြော်နေကြ၏။ ဆရာတော်၏ ကျောင်းငယ်လေးဆီသို့ စာရေးသူသွားရာ မရောက်မီ တောင်ကမ်းပါးယံအနီးတွင် ရှေးနှစ်ပေါင်းများစွာက ညောင်ပင်ကြီးတစ်ပင် တွေ့ရ၏။ ညောင်ပင်ကြီးကား ကြီးကျယ်ခမ်းနားလှ၏။ အမြစ်အကြီးအသေးပေါင်း ထောင်ဖြင့်ချီရှိကုန်၏။ သစ်ပင်ကြီးရှိရာသို့ သွားစရာ လမ်းကလေးတစ်ခုသာ ရှိ၏။ လမ်းလေးကား ဖြူဖြောင့်နေ၏။ သန့်ရှင်းနေ၏။ အခြားနေရာကား တောချုံတောအုပ်တွေသာ ရှိကုန်၏။



မိမိရောက်သွားချိန်မှာတော့ ဆရာတော်ကျန်းမာရေး မကောင်း ဖြစ်နေလေ၏။ ဆွမ်းခံထွက်ခိုင်း၏။ ဆွမ်းအတူဘုဉ်းပေးရ၏။ ဥပုသ်အတူပြု၏။ ထိုမှတစ်ဆင့် လမ်းကလေးအတိုင်း တောတွင်း ကျောင်းလေးဆီ ကြွသွားကြရ၏။ ကျောင်းကလေးရောက်တော့ ရဟန်းပရိသတ်တွေ၊ လူပရိသတ်တွေ များစွာ တွေ့ရကုန်၏။ ပ-စောက်ပုံသဏ္ဌာန် တစ်ခြမ်းဝိုင်းကြီးကဲ့သို့ ခမ်းနားသော ကျောင်းကြီးကို အများက ဆောက်နေကြသည်။

ဆရာတော်ကြီးသည် ကျောင်းငယ်လေးအတွင်းဝယ် ခေတ္တအနားယူပြီးသည့်နောက်တွင် ထိုခမ်းနားသော ကျောင်းကြီးထဲသို့ ကြွတော်မူလာကာ ပရိသတ်တို့အား တရားဟောကြားတော်မူ၏။

ဆရာတော်ကြီးဟောကြားတော်မူသော တရားတော် အမည်က **"ငါ့ကိုမခင်နဲ့ သတိသမ္ပဇဉ်နှင့်ယှဉ်"** ဖြစ်၏။

ဤခန္ဓာကိုယ်ကြီးကို သက္ကာယဒိဋ္ဌိ ငါစွဲကြီးဖြင့် ခင်မင်မနေကြနဲ့၊ ခင်မင်နေသမျှ ကာလပတ်လုံး သံသရာ မဆုံးတော့ဘူးဗျာ။ ဒုက္ခလည်း မဆုံးတော့ဘူးဗျာ။ အဲဒီ သံသရာမဆုံးတာ၊ ဒုက္ခမဆုံးတာ၊ ဒုက္ခတုံးကြီးဖြစ်နေရတာ ငါဆိုတဲ့ ခန္ဓာကြီးကို ခင်မင်နေလို့ဗျာ။ ငါစွဲဥပါဒါန်ကြီး

www.burmeseclassic.com

ကိုလည်း ခင်မင်နေလို့ တွယ်တာနေလို့ပါဗျာ၊ ဒီငါစွဲကြီးကပဲ ဘဝထဲ၊ ဒုက္ခထဲ၊ သံသရာထဲသို့ တွန်းပို့နေကြတာဗျာ။ သူများပို့လို့ ရောက်တာမဟုတ်ဘူး၊ ကိုယ့်ဟာကိုယ်သွားကြတာဗျာ။ ဘယ်သူကြောင့်၊ ဘယ်ဝါကြောင့်များ ထင်နေကြသလား၊ သတိထားကြဗျာ။

ကိုယ့်ကြောင့်ဖြစ်ရတဲ့ဒုက္ခ၊ ကိုယ်ကြောင့်ဖြစ်ရတဲ့ သံသရာ၊ ကိုယ့်ဟာကိုယ် လုပ်မှ၊ ကိုယ့်ဟာကိုယ် အားထုတ်မှ လွတ်မြောက်မှာဗျာ။ သူများဆီ၊ ဘုရားဆီ သွားတောင်းမနေကြနဲ့ဗျာ။ တော်ကြာ သူတောင်းစားတွေချည်း ဖြစ်ကုန်မယ်ဗျာ။

ဟင်. . . ဟင် . . . ဟုတ်လား . . . ဟုတ်လား။

ဆွမ်းကလေးတစ်ဇွန်းလောက် လောင်းလှူပြီး တောင်းလိုက်တဲ့ဆုကတော့ မကုန်သေးလို့ ဆယ်မိနစ်လောက် ရပ်ပေးနေရသေးတာဗျာ။ ဒီပရိသတ်ထဲ ပါသလား၊ မပါပါဘူးဗျာ။ ဟိုရန်ကုန်သားတွေ၊ မန္တလေးသားတွေကို ပြောတာဗျာ။ ဒီအထဲ ရန်ကုန်တို့၊ မန္တလေး မပါဘူးထင်လို့ အတင်းပြောတာ၊ ပါလျှင်လည်း တိတ်ဆိတ်နေကြဦးနော်။ နို့မဟုတ်ရင် သူတောင်းစားမှန်း လူသိကုန်မည်ဗျာ။



ဒီတော့ သူတောင်းစားမဖြစ်ချင်ရင် ကိုယ့်ဟာကိုယ် ဖြစ်အောင်လုပ်၊ ကိုယ်လုပ်လို့ ကိုယ်ချမ်းသာရင် ဘယ်တောင်းစားတော့မှာလဲဗျာ။ စပြီး တောင်းစားတည်းက မရှိလို့ တောင်းစားတာလေ။ ရှိလျှင် ဘယ်တောင်းစား ရတော့မလဲဗျာ။ တရားဆိုတာ တောင်းလို့မရဘူးဗျာ။ လုပ်ယူရမှာ၊ အားထုတ်ယူရမှာဗျာ။ ဒါကြောင့် ဒကာ၊ ဒကာမတွေ အားထုတ်ကြစမ်းပါဗျာ။ စမ်းကြည့်ကြပါဗျာ။ သူမို့လို့ ငါမို့လို့ရတာ မထင်ကြနဲ့၊ ကိုယ်လုပ် ကိုယ်ရမှာ သေချာပါတယ်ဗျာ။

သက္ကာယဆိုတဲ့ ခန္ဓာငါးပါးတို့ကို ငါစွဲ စွဲမနေကြနဲ့။ သတိသမ္ပဇဉ် ဉာဏ်နဲ့ယှဉ်ပြီး နေကြပါ။ သတိကပ်နေကြပါ။ ဉာဏ်စာတ်ပါအောင် လုပ်ကြပါ။ သတိသမ္ပဇဉ် ယှဉ်ပါလျှင် သံသရာအမျှင်ပြတ်မည်။

ထို့ကြောင့် ငါးအာရုံကိုလည်း မခင်ပါနဲ့၊ ငါဆိုတဲ့ ခန္ဓာငါးပါးကိုလည်း မခင်ကြပါနဲ့၊ ငါစွဲကြီးကိုလည်း မခင်ကြပါနဲ့၊ မတွယ်တာကြပါနဲ့၊ စွန့်ပစ်ကြပါတော့။ သတိသမ္ပဇဉ် ဉာဏ်ယှဉ်ပြီး နေကြပါဟူ၍ တရားနိဂုံး သတ်ပေး၏။ ပရိသတ်များကလည်း သာဓုသံ မြည်သွားတော့၏။

www.burmeseclassic.com

ဆရာတော်ကြီး ပြန်ကြွရာတွင် အစိမ်းရင့်ရောင် စစ်သားများ၊ အစိမ်းနုရောင် စစ်သားများ၊ အစိမ်းကွက် စစ်သားများ တညီတညွတ်တည်း အလေးပြု ပူဇော်ကြသည်။ အိပ်နေရာမှ နိုးထလာ၏။ အိပ်မက်ကား ထူးဆန်းလှချေတော့၏။ ရေးမှတ်ထားလိုက်ရတော့၏။ အိပ်မက်ထဲက တရားက လမ်းစဉ်ပြနေလေတော့၏။

မိမိမှာ တရားစခန်းပွဲများနှင့် ဗုဒ္ဓပွင့်တော်မူနှစ် (၂၆၀၀)ပြည့် ကျောက်တိုင်စိုက်ထူခြင်း (ကံသာထူးထိုက် ကျောက်တိုင်) သံဃာတော် (၂၆၀)ပါးတို့အား သံဃိက အလှူတော် ပေးလှူခြင်းများ ပြုလုပ်နေသဖြင့် မိုးမိတ်သို့ တိုးတိုးတိတ်တိတ် သွားဖို့ပင် မပီပြင်ခဲ့သေးချေ။



# ရှုံ့အတွေ့နှင့် အတွေး

ဆရာတော်ကြီးက ဒီလောက်တောင် လူတွေကို အဖူးတွေ့ခံနေတယ် ကြားရတော့ ဆရာတော်ကြီး ကြာရှည် သီတင်းမသုံးတော့ဘူးလို့ တထစ်ချ မှတ်လိုက်မိပါသည်။ အချို့ကလည်း ဆရာတော် ဒီလိုအခွင့်အရေး တစ်ခါ မပေးစဖူးဟူ၍ အကြိမ်ကြိမ် ဖူးကြလေ၏။ ဆရာတော်သည် ကြာရှည် မဖြစ်နိုင်ဟုဆိုသော်လည်း ဆရာတော်သုံးတတ်သော (၁၀)ရက်လို၊ လပြည့်လို ရက်များတွင် တခြားတစ်နေရာ ကြွသွားမည်ကိုလည်း စိုးနေသေး၏။

ထို့ကြောင့် နယုန်လဆန်း (၅)ရက်နေ့ မိုးမိတ်သို့ တိုးတိုးတိတ်တိတ်သွားဖို့ (၄)ရက်နေ့ (၄)နာရီမှာ ကျောင်း

www.burmeseclassic.com

အမကြီး ဒေါ်ခင်လှတင်၏ သစ္စာလမ်းက ရုံးခန်းတွင် ဆုံးဖြတ်ချက်ချလိုက်၏။

ဆုံးဖြတ်ချက်ချပြီး မကြာမီ စမ်းချောင်း မပိုလမ်းသို့ သွားကြ၏။ မပိုလမ်းရောက်လို့ ကားရပ်လိုက်ချိန်မှာတော့ လူတစ်ယောက်က ကားတွင်ပါသော သာသနာ့အလံကို ရေမွှေးအကောင်းစားဖြင့် ပက်ဖျန်းလိုက်သည်။ ရေမွှေးနံ့ကား လှိုင်သွားတော့၏။ ဒါလဲ အမှတ်တမဲ့ဖြင့် ကားပေါ်က ဆင်းလိုက်ရာ မိမိနောက်က အပြေးအလွှား လိုက်ပြီး ရေမွှေးဖြင့် ပက်ဖျန်းပြန်တော့၏။

တစ်ဖန် ကားကိုလည်း ပက်ဖျန်းနေပြန်တော့၏။ ဒီလူက ဘယ်လိုလူပါလိမ့်မလဲဟု တွေးနေရင်းကပင် ယမန်နှစ်က ဆရာတော်ကြီးထံ သွားရာလမ်းတွင် ကားအတွင်းမှာ ရေမွှေးနံ့တွေ ကြိုင်လှိုင်ခဲ့တာကို ပြန်ပြောင်း သတိရတော့၏။ ဒီတော့မှ . . .

ဒီနောက် ညရောက်တော့ တရားထိုင်၊ မေတ္တာပို့ သစ္စာပြုလျက် သွားရမည့်လမ်းဆီသို့ မေတ္တာပို့လျက်ဖြင့်။



# သွားသာသွား နားမနေနဲ့

နောက်တစ်နေ့နံနက်တွင် နံနက်ဆွမ်းစားပြီးနောက် ရွှေတိဂုံမှ စာအုပ်များယူကာ မိုးမိတ်ခရီးကို ရွှေတိဂုံမှ စလိုက်ပါတော့သည်။ ရွှေတိဂုံမှ ထွက်ချိန်ကား (၈း၄၅) နာရီဖြစ်သည်။ ပျဉ်းမနား မဝင်တော့ဘဲ မန္တလေးသို့ ညနေ (၃း၄၅)နာရီတွင် ရောက်သည်။

မန္တလေးမြို့ ရောက်ခါနီးတွင် မျက်စိမှိတ် အနား ယူလျက်နေစဉ် . . .

**"သွားသာသွား နားမနေနဲ့"** ဟူသော စကားသံက ထင်ထင်ရှားရှားကြီး ကြားလိုက်ရတော့၏။ မျက်စိကို ဖွင့်ကြည့်မိလိုက်တော့ မန္တလေးအဝင် အဝိုင်းကြီးကို ကျော်ခါစပင် ရှိသေး၏။

www.burmeseclassic.com

ဒီတော့ ကိုမြင့်ဇော်ရေ မိုးမိတ်ကို တဆက်တည်း သွားကြရအောင် ပြောလိုက်တော့ ကောင်းတာပေါ့ဟု သဘောတူလိုက်၏။ ဒီတော့ ခရီးဆက်ဖို့ အားထည့်လိုက်ကြတော့၏။

မန္တလေး တမာတန်းကျော်သွားတော့ သတိတစ်ချက်ရလိုက်၏။ ကိုမြင့်ဇော်ရေ ခရီးသွားဖို့ ဆက်ဖို့သာ ပြောနေတာ။ ဟို . . . ဦးဝင်းလွင် + ဒေါ်ထင်မီသန်းတို့ရဲ့သား ဝက်ဝံပေါက်ခေါ် မောင်ဝေဖြိုးလင်းက ပွေးလှုကနေ အပြေးအလွှား ဆင်းလာတာ ရှိသေးတယ်။ မန္တလေးမှာ ဆုံဖို့ ပြောထားတယ်လေ။ ထိုမှ ကိုမြင့်ဇော်နှင့် ကိုဇော်လင်းဦးတို့က ဖုန်းဆက်ကြတော့၏။ သူသာ မရောက်သေးရင် မန္တလေးမှာ အိပ်ရတော့မည်။ ခရီးထွက်လာစဉ်ကလည်း မန္တလေးအိပ်ပြီး မနက်စောစော ခရီးထွက်ဖို့ စီစဉ်ခဲ့၏။ ဘာကြောင့်လဲဆိုတော့ အကွေ့အကောက်များစွာရှိတဲ့ မိုးကုတ်-မိုးမိတ်တို့ တောင်အတက်လမ်းမှာ နေ့လယ်သာ ဖြစ်သင့်သည်ဟူသော အတွေးကြောင့် ဖြစ်၏။

မကြာမီအချိန်တွင်းမှာပင် မောင်ဇော်လင်းဦးနှင့် မောင်ဝေဖြိုးလင်းတို့ ဖုန်းအဆက်အသွယ်ရသွားကြ၏။



မန္တလေးရောက်နေပြီး တက္ကစီကားပေါ် ရောက်နေသဖြင့် (၁၀)မိနစ်အတွင်း ရောက်လာတော့၏။ မောင်ဝေဖြိုးလင်းကား ငယ်ငယ်ကသာ ဆရာတော်ကို ဖူးတွေ့ခဲ့ရပြီး အရွယ်ရောက်ချိန်တွင် ဆရာတော်ကို ဖူးလိုခြင်းဖြစ်၏။

**"သွားသာသွား နားမနေနဲ့"** ဆိုသော စကားအတိုင်း မန္တလေးမှာ မနားတော့ဘဲ မိုးကုတ်-မိုးမိတ်ခရီးဆက်ဖြစ်တော့သည်။ အချိန်ကား ညနေ (၄း၁၅)နာရီ ခရီးစချိန်ဖြစ်တော့၏။ ကားတွင်းမှာတော့ ကိုမြင့်ဇော်၊ ကိုဇော်လင်းဦး၊ ကိုဇော်မြင့်ဦး၊ ကိုဝေဖြိုးလင်းတို့ လေးဦးပါကုန်၏။ ဇော်ကား သုံးဇော်၊ မြင့်ကား နှစ်မြင့်၊ လင်းကား နှစ်လင်းတို့ဖြင့် အမှောင်အတွင်းမှာ ကားမီးအလင်းဖြင့် ခရီးပြင်း နှင်ကြရလေ၏။

www.burmeseclassic.com

## မအိပ်မနေ

မန္တလေး၊ မတ္တရာကျော်ပြီးသည့်နောက်တွင် တောင်တက်ခရီးကို အမှောင်ကြီးထဲတွင် စရပါတော့သည်။

မိုးမိတ်ခရီးကိုကား . . .

✠ *မေးပါများ စကားရ*
✠ *သွားပါများ ခရီးရောက်*
✠ *မအိပ်မနေ အသက်ရှည်ပါတဲ့ မောင်ပေါက်ကြိုင်းရာဇဝင်*

ဆိုသည့် စကားသို့ပင် မေးရင်း မေးရင်းနဲ့ သွားခဲ့ကြရာ မိုးကုတ်အနီးသို့ ခရီးပေါက်ခဲ့ကြသည်။ တောတောင်တို့ အကြား အတက်အဆင်းလမ်းများနှင့် အကွေ့အကောက်များ ပေါများလွန်းကုန်၏။



ကားကလေးသည် အကွေ့အကောက် အဆင်းအတက် တောတောင်သစ်ပင်ရိပ်တို့အကြားမှာ ကားမီးရောင်ဖြင့် ဖွားကနဲ ပေါ်လာတာက **"ပတ္တမြားမြေမှ ကြိုဆိုပါ၏"** ဟူသော ဆိုင်းဘုတ်ကို တွေ့မြင်လိုက်ရသည့်အခါ ပတ္တမြားနှင့် တောသမင်တို့ ဖြစ်စဉ်များက စိတ်ထဲမှာ တဖွားဖွား ပေါ်လာနေပါတော့၏။

မိုးကုတ်မြို့လယ် ခေတ်ဆီဆိုင်ရောက်တော့ ည (၁၀)နာရီတိတိ၊ ဆီဆိုင်တံခါးပင် ပိတ်နေချေပြီ။ သို့သော်လည်း ကားရပ်သည့်အခါ ဆီရောင်းပေး၏။ ဆီဆိုင် ဒကာများကလည်း ဆရာတော်ကြီးအကြောင်း တခမ်းတနား ပြောပြနေသေး၏။ ကိုမြင့်ဇော်ကလည်း အသင့်ပါလာသော ဆရာတော်ကြီးပုံတော်များ ဓမ္မဒါန ပြုပေးခဲ့သေး၏။

မိုးကုတ်ဆီဆိုင်ကို မေးကြည့်မိတော့ မိုးမိတ်က (၂၇)မိုင်သာရှိကြောင်း ပြောပြ၏။ (၂၇)မိုင်ဆိုရင် တော့ဖြင့် . . . ခရီးဆက်ခဲ့ကြရာ မိုးမိတ် ရွှေမြင်တင်ဘုရား၊ ဓမ္မရတနာကျောင်းသို့ ည (၁း၃၀)နာရီအချိန်မှ ရောက်တော့၏။

www.burmeseclassic.com

မိုးမိတ်မြို့ကို ဝင်လိုက်သည့်အခါတွင် **"မေးပါများစကားရ"** အဓိပ္ပာယ်ပင် ဖော်မရတော့ပြီ။ တစ်မြို့လုံး တိတ်ဆိတ်နေ၏။ လမ်းပေါ်တွင်လည်းကောင်း၊ အိမ်တွင်လည်းကောင်း တစ်ယောက်တလေမျှ မတွေ့မြင်ရသဖြင့် လမ်းမေးစရာ လူပင် မရှိခဲ့။ ကားသည် ညာချိုး ဘယ်ကွေ့ နောက်ပြန်လှည့်ဖြင့် ရွှေမြင်တင်ဘုရားသို့ ဆိုင်းဘုတ်ရှေ့သို့ ရောက်ခဲ့ရလေတော့၏။

မြေနီလမ်းကလေးအတိုင်း မောင်းနှင်လာရာ လမ်းဆုံတစ်ခုရောက်တော့ ခုံရှည်များပေါ်တွင် အိပ်နေကြတဲ့ လူလေးယောက်ကို တွေ့ရတော့၏။ ဒါနဲ့ပဲ ကားရပ်ပြီး နှိုး၍ ညောင်နီရွာကိုမေးရာ ဒီရွာဟာ ညောင်နီရွာပဲဖြစ်၏။

မဟာဗောဓိမြိုင်ဆရာတော်ကြီးထံ သွားမလို့ပါ ပြောတော့ ဆရာတော်ကြီးက ဒီရွာမှာ ဆွမ်းခံကြွပါတယ်။ မနက် (၇)နာရီကြွတာပါ။ ဆရာတော်ကြီး ခေတ္တတည်းခိုခဲ့တဲ့ ရွှေမြင်တင်ဘုရားရှိ ဓမ္မရတနာကျောင်းကို ဘယ်လိုသွားရသလဲမေးတော့ ဒီကနေသွားပါ ဘယ်ချိုး ညာကွေ့ တောင်ပေါ်တက်သွားရင် ရောက်ပါတယ်ဟု ဖြေ၏။

မိမိတို့ကားကလည်း ဓမ္မရတနာကျောင်းနှင့် မနီးမဝေးသို့ ရောက်နေသည်။ သူတို့ညွှန်တဲ့လမ်းအတိုင်း



သွားလိုက်တော့ ဆိုက်ဆိုက်မြိုက်မြိုက် ဓမ္မရတနာကျောင်းသို့ ည တစ်နာရီခွဲတွင် ရောက်ပါတော့၏။

ဓမ္မရတနာကျောင်းဝင်းအတွင်း ရောက်တော့ အားလုံး တိတ်ဆိတ်နေ၏။ မီးရောင်လည်းမရှိ၊ ပကတိ အမှောင်အတိဖြစ်နေ၏။ အားလုံးလည်း အိပ်နေကြ၏။ ကားသံ၊ လူသံများနှင့် ကားမီးရောင်ကြောင့် နိုးထလာသည်မှာ ဆရာလေးနှစ်ပါး၊ ထို့နောက် ဒကာကြီး တစ်ယောက်ဖြစ်၏။

မကြာမီမှာပင် ဓမ္မရတနာကျောင်းဆရာတော် ဦးပညာစာရ (ဦးသံတွဲ) နိုးလာပြီး အကြောင်းအကျိုးများ မေးကာ အိပ်ရာများ စီစဉ်ပေးလေ၏။ ဦးသံတွဲကို ဆရာတော်ကြီး ကြွလာပုံများကို မေးလျှောက်ရင်း ည (၂း၃၀)နာရီရှိပြီဖြစ်၍ အနားယူခဲ့ကြသည်။

စာရေးသူကိုကား ဆရာတော်ကြီး (၇)ရက်တိုင်တိုင် သီတင်းသုံးခဲ့သော နေရာတွင် စီစဉ်ပေး၏။ မိုးမိတ်ခရီးကြမ်း မနားတမ်း ခရီးပြင်းနှင်လာခဲ့သည်မှ (၁၇)နာရီမျှပင် ကြာညောင်းခဲ့၏။ သို့သော်လည်း လန်းဆန်းနေ၍ အိပ်လို့ပင် မရခဲ့ချေ။

www.burmeseclassic.com

နံနက် (၅)နာရီတွင် အနားယူရာမှ ထလျက် တရားရှု မေတ္တာပွား၊ ထို့နောက် ဦးသံတွဲလည်း ထလာပြီး နံနက်ဆွမ်းဘုဉ်းပေးကြသည်။ ဦးသံတွဲက ဆရာတော်ကြီးနှင့် စတင်တွေ့ရှိပုံများ အသေးစိတ် ပြောပြပေး၏။



# ဦးသံတွဲရဲ့ကံ

ဦးသံတွဲက (ဆရာတော်ကြီး၏အခေါ်) တပည့်တော်က တန်ခူးလပြည့်နေ့ နေ့လယ်တွင် ခြောက်မိုင်ရွာ သိမ်အလှူပွဲက ပြန်ကြွလာတာ ရွှေမြင်တင်ဘုရား မုခ်ဦးရှေ့ရောက်တော့ ဆရာတော်ဘုရားကြီးက ဒကာ တစ်ယောက်နှင့် ထိုင်ပြီး အနားယူနေတာ တွေ့ရတယ်။ တပည့်တော်လည်း ဆရာတော်ကြီးကို ဖူးတွေ့လိုက် ရတော့ ပီတိတွေ ဖြစ်သွားတယ်၊ ကြည်ညိုမိတယ်။

ဆရာတော်ဘုရား ဘယ်ကကြွလာတော်မူပါသလဲ လျှောက်တော့ . . . မုံရွာဟိုဘက် တောက ကြွလာတာလို့ မိန့်တယ်။ အဲဒီလောက်လေးပဲ ဖြေတာ။ တပည့်တော်ရဲ့ ဓမ္မရတနာကျောင်းသို့ ကြွတော်မူပါဘုရားဟု လျှောက် ထားပြီး ပင့်ခဲ့ပါတယ်။ ဆရာတော်ဘုရားလည်း ကြွတော်

မှုခဲ့ပါတယ်။ ဆရာတော်ကြီး ကြွရောက်သီတင်းသုံးနေချိန်မှာတော့ ပန်းရန့်တွေကလည်း မွှေးကြိုင်နေတယ်။ လေမတိုက် မိုးမတိုက် မိုးမရွာဘဲ မိုးသီးအလုံးကြီးတွေ ကြွေကျတယ်၊ ဆရာတော်ကြီးကြွလာလို့ ထင်ပါတယ်။

နောက်တစ်နေ့ ညနေဘက်မှာ ဟိုဘက်က ဦးညဏ် ရောက်လာတယ်။ ဆရာတော်ကြီးကို သေသေချာချာ ဖူးပြီးတော့ ဆရာတော်က မဟာဗောဓိမြိုင်ဆရာတော် ကြီးလားဘုရားဟု မေးလျှောက်၏။ ဆရာတော်ကြီးက ဟုတ်ပါဗျာ။ ဦးညဏ်က ဆက်လျှောက်တယ်။ ဆရာ တော်ကြီးရေးတဲ့ ကျမ်းစာတွေကို တပည့်တော် အင်မတန် သဘောကျပါတယ်၊ အင်မတန် ရှင်းပါတယ်ဘုရားလို့ လျှောက်လိုက်တယ်။ ဆရာတော်ကြီးက ဟုတ်လားဗျာ ဟုတ်လားဗျာဟု မိန့်တော်မူ၏။

ဒါနဲ့ ဦးညဏ်က သူ့ရဲ့ညီ (မပဒန်ကျောင်းဒကာ) ကိုစိုင်းမိုး + မလှရီတို့အား ညတွင်းချင်း သွားပြောတော့ ရောက်လာကြပြီး ဖူးကြတယ်။ ဒါနဲ့ပဲ ဆရာတော်ကြီး ကြွလာပြီး သုံးရက် လေးရက်အတွင်းမှာပင် လူတွေ အများကြီး လာရောက်ဖူးကြတော့တယ်။



ဆရာတော်ကြီးသည် ၁၃၇၃ ခုနှစ်၊ နှောင်းတန်ခူး လပြည့်ကျော် (၇)ရက်၊ (၁၃-၄-၂၀၁၂)ရက်နေ့ မနက် (၇း၃၀)နာရီလောက်မှာ ဓမ္မရတနာကျောင်းက ယောဂီတွေ၊ ညောင်နီရွာ၊ မိုးမိတ်မြို့ပေါ်က ဒကာ, ဒကာမတွေ၊ ကျောင်းဒကာ ကိုစိုင်းမိုး + မလှရီ အားလုံးတို့ မပဒန်ကျောက်ဂူသို့ ပင်ဆောင်သွားကြသည်။

ကျောက်ဂူရောက်တော့ ဆရာတော်က အားလုံး တို့အား သကြ်န်နဲ့ပတ်သက်တဲ့တရား ဟောကြားတယ်။ ကျောင်းရေစက်ချပေးတယ်။ အားလုံး သဘောကျလို့ပေါ့။ တရားနာရတာ မဝဘူးဟု ပြောကြတယ်။

ဆရာတော်ကြီးက အေးချမ်းဆိတ်ငြိမ်တဲ့နေရာ၊ လူသူကင်းဝေးတဲ့နေရာမှာ တရားအားထုတ်ချင်တယ် ပြောလို့ တပည့်တော်က မပဒန်ဂူကို သတိရပြီး ဆရာတော်ကို လျှောက်တာ။

လူသူအရောက်အပေါက်လည်း နည်းတယ်။ လမ်းကလည်း မကောင်းဘူး။ တောကလည်း ကြီးတယ်။ လူတိုင်းလည်း မရောက်ဖူးဘူး။ တောင်ကုန်းတွေဖြစ်တယ် ဆိုပြီး ဆရာတော်ကို လျှောက်တယ်။ ဆရာတော်

www.burmeseclassic.com

ကိုယ်တော်တိုင် ကြွရောက်ကြည့်ရှုပြီး သဘောကျတယ် ဆိုတာနဲ့ အားလုံး စီစဉ်ပေးခဲ့ရပါတယ်။

ဒီဂူက လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာလောက်က ရသေ့ကြီးဦးဘိုရုံ နေသွားဖူးသေးတယ်။ ကျောက်စာလည်း ရှိတယ်။ ဒါကတော့ သူတို့ ကျောက်စာအရဖြစ်တယ်။ ဒီလိုဖြစ်နေတဲ့ သဘာဝကျောက်တုံးကြီးများကို ကြည့်ရင် နှစ်ပေါင်းကနည်းမှာမဟုတ်ဘူး။ နှစ်ထောင်ချီနေလိမ့်မယ် ထင်တယ်ဟု ဦးသံတွဲက ရှင်းပြပေး၏။

အောက်မှ ပင့်ဆောက်ထားသော ကျောက်တုံးကြီးများနှင့် အပေါ်မှ ဖိထားသော ကျောက်တုံးကြီးတို့၏ အောက်တွင် လွတ်နေသည့်နေရာသည် ဂူဖြစ်နေတော့၏။ ဆရာတော်ကြီးသည်ကား ဇင်းကျိုက်တွင်လည်း ထိုကဲ့သို့သော ဂူတွင်းမှာ သီတင်းသုံးတော်မူဖူးလေသည်။



# ကျောက်စာ

**ကျောင်းဆရာ မပဒါန်**
**ကျောင်းဆရာကတော် မယ်ဖွဲ့**
**တို့ ကောင်းမှု။**

ဧယျတု - နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရတနာ၁၀ဟို လေးရောင်ခို့သည့် မြင့်မိုရ်ထိပ်တင် ဘုရင်ရာဇာ ပိုင်စံဝရာနှင့် နိုင်ခွာလင့် တိုင်းဌာနအရင်း ဖြစ်ပေသော မိုးမိတ်မြို့ရွာတွင် ကျောက်ရတနာငမောက် အလားကဲ့သို့ အမြောက်အမြား ကျော်ကာလှမ်းပပေသည့် ကျောင်းဆရာအမော် မပဒန်နှင့် ဇလပ်ပန်း ဇီဇဝါ စကားဝါကဲ့သို့ ခင်ရတနာဇနီး မမယ်ဖွဲ့တို့က နုသွယ်မမဲ တည်ကာမှန်းပြီးလျှင် ရည်သန်တောင့်တရင်းဖြစ်ပေသော

www.burmeseclassic.com

ရွှေမြင်တင် မြတ်စွာဘုရား၏အနီး နိဗ္ဗာန်၏ အာရုံ သဒ္ဓါကြောင့် ကြာပဒုမ္မာပွင့် ရတနာပုံပန်းဌာန နန်းနဂရာ အလှတော ထိန်ပြောင်ဘိသကဲ့သို့ ကျောက်စိန်အရောင် တောက်လျှမ်းသကဲ့သို့ ပိတောက်ပန်း နံ့သာဆီကတိုး ကရမက်ဖျန်းပြီးလျှင် တစ်ယောက်တတန်ကျ ကူညီကာ နတ်သိကြားမဘိသကဲ့သို့ တစ်ယောက်စီ တစ်ယောက်စီ ပထဝီမြေပထဗျာကို အသေအချာ တူးကာဖော်လျက် သက္ကရာဇ် (၁၂၇၄) ခုနှစ်၊ နတ်တော်လတွင် ဂူတည်ကာ အောင်မြင်လျက် တရားအမြွက် ကျင့်သီလနှင့် ကမ္မဋ္ဌာန်း ဝိပဿနာကို နေ့စဉ်မပျက် စီးဖြန်းလျက်ရှိသော ဆရာ ရသေ့ ဦးဘိုရုံကို လှူဒါန်းကာထားပါသည်။

ဤသို့ပြု၍ မြတ်ပုညကြောင့် လေးပါးအပါယ် သုံးသွယ်သောကပ် ငါးပါးရန်သူ လွတ်ကင်းရှောင်ခွာ၍ နောင်သံသရာဘဝအဆက်ဆက် ဝဲဂယက် လွတ်ကင်း စေလို သစ္စာဆို၏။

မသွေမတိမ်း အမြန်ထုတ်ချောက် နိဗ္ဗာန်သို့ ရောက်စေသား၊ ဝသုန္ဒြေ ဤမြေစောင့်သော နတ်ကောင်း နတ်မြတ်တို့ သိစေသား။

စိရံ တိဋ္ဌတု - နတ်လူ သာဓု ခေါ်စေသား။



# ဆွမ်းလောင်းမည့် မြင်ကွင်း

ထို့နောက် ရွှေမြင်တင်ဘုရား ဓမ္မရတနာကျောင်းမှ နံနက် (၆း၃၀)နာရီအချိန် ညောင်နီရွာ ဆွမ်းခံကြွမည့် လမ်းသို့ ဆင်းလာခဲ့ကြ၏။

ဆွမ်းလောင်းဖို့ စောင့်နေကြသော ဆွမ်းအလှူရှင် ပရိသတ်ကြီးကို တွေ့မြင်လိုက်ရသောအခါ မိမိရဲ့ စိတ်ထဲမှာ အတွေးတွေ ခရီးဆက်နေပါတော့၏။ ပရိသတ်ကလည်း ထောင်နဲ့ချီမလား ထင်ရတယ်။ ကားတွေကလည်း အစီးရေ ငါးဆယ်ထက် မနည်းချေ။ ဆိုင်ကယ်တွေကတော့ ကြည့်မကောင်း ရှုမကောင်းလောက်အောင် များလှ၏။ တောရွာက ဘုရားပွဲကြီးတမျှ စည်ကားလှ၏။

www.burmeseclassic.com

မိမိတို့ ရောက်သွားချိန်မှာတော့ မိုးကုတ်ကကားဆရာတစ်ယောက်က အကြိုထောက်နေသေး၏။ မိုးကုတ်-မိုးမိတ် ပရိသတ်တွေများတယ်။ တပည့်တော်တို့က မိုးကုတ်ကနေ နံနက် (၃)နာရီထလာပြီး ဆွမ်းလောင်းရတာ၊ တချို့လည်း ဆိုင်ကယ်တွေနဲ့ လာကြပါတယ်တဲ့။ တပည့်တော်တို့ ဒီလို ဆရာတော်ကြီးကို ဖူးခွင့်၊ ဆွမ်းလောင်းခွင့်ရကြတာ ကံကောင်းလို့၊ ကံထူးလို့ပါဟု လျှောက်သေး၏။

ဒကာကြီးရေ မိုးရွာတုန်း ကံကောင်းကောင်းနဲ့ ရေခံထားဗျာ့။ ကံက ဘယ်လောက်ကောင်းကောင်း မိုးမရွာလျှင် ရေမရနိုင်ဘူး။ ဒီတော့ မိုးကလည်းရွာတုန်း၊ ကံကောင်းအောင် လုပ်ထားဗျာ့။ မိုးဆိုတာ အမြဲရွာတာ မဟုတ်ဘူးနော်ဟု ပြောခဲ့သေး၏။

စာရေးသူကတော့ ဒီမြင်ကွင်းတွေ့လိုက်ရ်ဖြင့် ဆရာတော်ကြီး ဒီနေရာမျိုး ကြာကြာမနေဘူး၊ သီတင်း မသုံးဘူးလို့ မှတ်ချက်ချလိုက်ပါသည်။ နောက်ပြီး မိုးမိတ်တို့ကို ဒီလောက်အခွင့်အရေးပေးနေတာဟာ ခရီးဆက်ဖို့ရန် သင်္ကေတပင်။



ဆရာတော်ကြီးကား ဆွမ်းခံကြွနေချိန်ဖြစ်၍ စာရေးသူတို့လည်း မပဒန်ဂူရှိရာသို့ ထွက်ခဲ့ကြ၏။ ဂူသို့ ရေသယ်နေသော ဒကာတစ်ယောက်က ဆိုင်ကယ်ဖြင့် လမ်းပြသွားရာ ဂူအနီးသို့တိုင် ကားဖြင့် ရောက်ခဲ့ရသည်။

ကဆုန်လကုန်ရက်များက ဆရာတော်ကြီး ကျန်းမာရေးမကောင်းသဖြင့် ဆွမ်းခံရပ်နားခဲ့ရသေး၏။ အဖျားသွေးပင် တစ်ရာကျော်ခဲ့၏။ ပုလင်းချိတ်ရသည်အထိ ဖြစ်သွားရ၏။ ဆွမ်းခံကြွရင်း ကျန်းမာရေး မကောင်းလို့ ကားအကူအညီတောင်းခဲ့ရသေးသည်ဟု ကြားသိရသည်။

ထို့ကြောင့်ပင် ဆရာတော်ကြီး ဆွမ်းခံကြွနိုင်ဖို့ရန် ရွာသူရွာသားများ ကားလမ်းဖောက်ကြရာ လေးရက်ဖြင့်ပင် ကားမောင်းနိုင်လောက်အောင် ခရီးပေါက်ခဲ့ကြ၏။ နယုန်လဆန်း (၅)ရက်နေ့တွင် ဆရာတော်ကြီး ဆွမ်းခံပြန်ကြွပေးတော်မူ၏။

စာရေးသူတို့ မပဒန်ဂူသို့ ရောက်တာက နယုန်လဆန်း(၆)ရက်နေ့ဖြစ်၍ ဂူအနီးထိအောင် ကားမောင်းလို့ ရခြင်းဖြစ်၏။

ဂူသို့ ခြေလျင်ခရီးဖြင့် နှစ်ဖာလုံခန့် တက်ရသည်။ ဂူအနီးရောက်တော့ ပရိသတ်က တစ်ရာကျော်ပင်

www.burmeseclassic.com

ရှိနေကုန်၏။ ဆရာတော်ကြီး ဆွမ်းခံပြန်မကြွမည်၊ ဆရာတော်ကြီး၏ ဂူနှင့် ကျောင်းတို့ကို ကြည့်ရှုနိုင်ကြောင်း ပြောသဖြင့် သွားရောက်ကြည့်ကြရကုန်၏။

ကျောက်ဂူနှင့် ကျောင်းကလေးတို့ကို ကြည့်ရှုရင်း လှုမည့်စာအုပ်များ အဆင်သင့် ပြင်ဆင်ထား၏။ နတ်တလူမှ မောင်ညီညီလွင်ကလည်း ဂါရဝတရားများဖြင့် ရှင်းပြပေးပေ၏။ မကြာမီမှာပင် ကျောက်ဂူအတွင်းမှ ပြန်ဆင်းလာခဲ့၏။ အများနည်းတူ နေရာယူထားလိုက်၏။

နံနက် (၈)နာရီကျော်တွင် ဆရာတော်ကြီး ဆွမ်းခံပြန်ကြွလာတာကို ဖူးတွေ့ရတော့ ဟင် . . . ဆရာတော်ကြီးကား ရုပ်ရည်ကျသွားသလိုပါပဲ။ ပင်ပန်းနေတဲ့ ရုပ်လွှာကြီးပါကလားဟု တွေးနေမိတော့၏။ ဆရာတော်ကြီးလည်း ကြွတော်မူကာ ကျောက်ဂူတော်သို့ ကြွသွားတော်မူ၏။

မကြာမီမှာပင် ကိုစိုင်းနောင်က လာရောက်ပင့်ဆောင်ပြီး ကပ္ပိယကျောင်းဆောင်တွင် ခေတ္တသီတင်းသုံးနေလိုက်၏။ ထိုအခါ ခင်ဦးက ဒကာမတွေလည်း ဆရာတော်ကြီးအကြောင်းများနှင့် သာသနာပြု မဟာ



ခရီးသည်စာအုပ် ဖတ်ရကြောင်း၊ ကျေးဇူးတင်ရကြောင်းများ လျှောက်ထားလာကြ၏။ နောက်တော့မှ သူတို့က ဗုဒ္ဓါရသမှန်း သိသွားကြတော့ သူတို့ ပို၍ ဝမ်းမြောက်ကြတော့၏။

နံနက် (၁၀)နာရီကျော်ခန့်တွင် ဒေါက်တာအိုကေ ကပ္ပိယဆောင်သို့ ရောက်လာ၏။ မကြာမီမှာ ပင့်ဆောင်သဖြင့် စာရေးသူ ဆရာတော်ကြီးသီတင်းသုံးရာ မပဒါန်ဂူသို့ သွားရတော့သည်။ လမ်းအကြားတွင် ဒေါက်တာအိုကေက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေနဲ့ အနီးကပ် ပြုစုရသည်များ ပြောပြ၏။

မိမိသည် လက်အုပ်ချီလျက် မပဒန်ဂူတွင်းသို့ ဝင်လိုက်သည့်အခါ ဆရာတော်ကြီးသည် ကုလားထိုင်ပေါ်တွင် ပြုံးရွှင်စွာ ထိုင်လျက်က မိန့်တော်မူ၏။

✠ ဦးဗောဓိ . . . ရန်ကုန်သားတွေ ကြိမ်းသွားတာ ကြမ်းသွားတာ သိပြီးပြီလား။

တပည့်တော်က ရန်ကုန်သားမဟုတ်တော့ မသိပါဘုရား။

တပည့်တော်က မှော်ဘီကပါဘုရားဟု ပြုံးရွှင်စွာ လျှောက်ထားလိုက်သည်။

www.burmeseclassic.com

✠ မှော်ဘီနှင့် ရန်ကုန် မတူဘူးလား ဦးဘောဓိ။

မတူပါဘုရား။

ဆရာတော် မိန့်ဖူးသလို . . .

နေရာဒေသ လူချင်းကား နီးချင်နီးမည်။

အကျင့်ချင်း၊ စိတ်ချင်းတော့ မနီးပါဘုရား။

အကျင့်ချင်း စိတ်ချင်းနီးမှ နီးတာ တူတာပါဘုရား။

ဆရာတော်က . . .

ရန်ကုန်သူ၊ ရန်ကုန်သားဆိုရင် ဝေရမဏီ ဝေးဝေး ရှောင်ရပါလို၏ဟု ပြောနေတာ စသည်ဖြင့် မိန့်တော်မူ၏။



# ဆွမ်းအတူ မပဒုန်ဂူ

မိမိသည် ဂူတွင်းရှိ ဗုဒ္ဓကို ကန်တော့ပြီး ဆရာတော်ကြီးကို ကန်တော့လိုက်၏။ ဆရာတော်ကြီးက ကဲ . . . ဦးဘောဓိ ကြွကြွ ဆိုကာ ဆွမ်းဝိုင်းကို ထိုင်တော်မူ၏။ မိမိကလည်း သားရေနွယ်ကို ခင်းကာ ဆွမ်းဝိုင်းတွင် ထိုင်လိုက်၏။

ဆရာတော်ကြီးက . . . ဦးဘောဓိကြီး အရှင်ဘုရား သပိတ်ထဲလည်း ပြည့်စုံပြီးသား၊ တပည့်တော်သပိတ်ထဲလည်း ပြည့်စုံပြီးသား။ ဒါပေမဲ့ အလှူရှင်တွေ ကုသိုလ်ပွားရအောင် ထည့်အုံးဗျာ့ဆိုကာ ဆွမ်းပန်းကန်ထဲမှ ဟင်းလျာများကို တစ်ဇွန်းစီ သပိတ်ထဲကို ထည့်တော်မူ၏။ ဆရာတော်ယူပြီးသော ဆွမ်းဟင်းပန်းကန်များကို

www.burmeseclassic.com

ဦးဇောဓိထံ ပေး၏။ ဦးဇောဓိလည်း တစ်စွန်းစီ သပိတ်ထဲ ထည့်ယူရတော့၏။ ဟင်းပန်းကန် ငါးမျိုးလောက်ထည့် ရ၏။

ထို့နောက် ဆရာတော်သည် ပြုံးပြုံးနဲ့ စကား သုံးလေးလုံး ပြောဆိုပြီး ဆွမ်းဘုဉ်းပေးဖို့ သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်နေတော်မူ၏။ ဦးဇောဓိလည်း ကြမ်းပြင်ပေါ်တွင် သပိတ်ခြေဖြင့်ချထားသော သပိတ်နှင့် တင်ပလ္လင်ခွေ ကြားပေါ်တွင် လက်သုတ်ပဝါခင်းထားလိုက်သည်။ အကယ်၍ ဆွမ်းဟင်းများ ကျလာပါက သင်္ကန်းပေါ် မကျ တော့ဘဲ လက်သုတ်ပဝါပေါ်သာ ကျရန် လက်သုတ်ခင်း ထားခြင်း ဖြစ်၏။



# ဇောဓိတို့ ဆိတ်ငြိမ်

ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးနေသည်မှာ အမှတ် စိပ်လွန်းလှ၏။ အမှတ်စိပ်သလို စကားလည်း ဆိတ်သွား တော့၏။ ဆွမ်းကို ဆင်ခြင်တဲ့ ပုံရိပ်တွေ၊ အလှူရှင်များကို ပို့လွှတ်တဲ့ ပုံရိပ်တွေ၊ တည်ငြိမ်အေးချမ်းတဲ့ ပုံရိပ်တွေက ပေါ်လွင်ထင်ရှားလှ၏။ ဦးဇောဓိလည်း သတိပဋ္ဌာန်နှင့် မေတ္တာပွားများရင်း ဆွမ်းဘုဉ်းပေးပါ၏။ ဆရာတော်ကြီး နှင့် ဦးဇောဓိတို့၏ ဆွမ်းဘုဉ်းပေးနေချိန်မှာတော့ ငြိမ်သက် နေတော့၏။ ငှက်သံကလေးတွေက ဂူဝဆီမှ တစီစီ တွန်မြူးနေတော့သည်။ အနီးတွင် ဒေါက်တာအိုက်ဘာ တို့လည်း တိတ်ဆိတ်စွာဖြင့်။

www.burmeseclassic.com

ဦးဗောဓိလည်း ဆွမ်းစားသည်မှာ ပြည့်စုံနေချေပြီ။ သို့သော်လည်း ဆရာတော်ရဲ့ပုံရိပ်ကို ကြည့်လျက်က သပိတ်ထဲရှိ ဆွမ်းကိုပင် မှတ်ရှုနေ၏။ ဒီဆွမ်းကား သာမညဆွမ်းမဟုတ်၊ ဆရာတော်ကြီးကိုယ်တော်တိုင် ဆွမ်းခံထားသော ဆွမ်းဖြစ်၏။ ဒီလိုဆွမ်းမျိုးကိုတော့ အမှုမဲ့ အမှတ်မဲ့ မစားသင့်၊ အမှုနဲ့ အမှတ်နဲ့ ပို၍ စားသင့်၏ဟူသော အတွေးများလည်း ဝင်လာသေး၏။



# ကြိုက်စာလို့မဟုတ် မိုက်ဆာလို့

ဆရာတော်ကြီးသည် ဆွမ်းသပိတ်ကို ကြည့်ရှုဘုဉ်းပေးပြီး မျက်လွှာချရာမှ မျက်လွှာကို တစ်ချက်လှန်ကြည့်ပြီးလျှင် ဦးဗောဓိကြီး ကိုယ့်ဗိုက်နဲ့ကိုယ် ပြည့်အောင်ထည့်ရတာ၊ ပြည့်စုံအောင် ထည့်ထားဗျာ၊ တပည့်တော်တို့ (၇၀)ကျော်များကတော့ ခုနစ်ဆယ်ကျော်လောက်ပဲ ဖြည့်နိုင်တော့တာဗျာ့ဟု မိန့်တော်မူရင်း သပိတ်ကို ကပ္ပိယထံ ပေးလိုက်တော့၏။ ဦးဗောဓိလည်း ပြီးပြီဖြစ်၍ ကပ္ပိယထံ သပိတ်ပေးလိုက်၏။

ဆရာတော်ကြီး၏ စကားဟာ အဓိပ္ပာယ်ရှိလှ၏။ လောဘ၏ တောင်းဆိုမှုဖြင့် စားသုံးခြင်းမဟုတ်ဘဲ ခန္ဓာကိုယ်ကြီး၏ တောင်းဆိုမှုကို ဖြည့်ပေးလိုက်ခြင်းသာ ဖြစ်၏။ လေးဖြာဓာတ်ဆောင် ဤကိုယ်ကောင်ကြီး အသက်ရှည်စွာဖြင့် ကျင့်ကြံအားထုတ်ဖို့၊ သာသနာပြုဖို့ အားဖြည့်ပေးခြင်းသာဖြစ်၏။

www.burmeseclassic.com

## ကပ္ပိယကင်းကင်း တစ်ပါးချင်း

ဆွမ်းဘုဉ်းပေးပြီးသည့်နောက် အချိုပွဲများ အကပ်ခံလိုက်သည်။ အချိုပွဲကပ်ပြီးတာနဲ့ ဆရာတော်ကြီးက ကပ္ပိယများကို ဒီဆွမ်းပွဲတွေ ယူသွားကြဗျာ၊ ရောက်တဲ့နေရာမှာ စားကြဗျာ့၊ မြန်မြန်သွားကြဗျာ့၊ ခင်ဗျားတို့မရှိမှ တို့က အတင်းပြောလို့ရတာ။ ခင်ဗျားတို့ရှိနေရင် အတင်းပြောလို့ မရဘူးဟု မိန့်တော်မူ၏။ ကပ္ပိယများလည်း ဆွမ်းပွဲများ ယူဆောင်၍ ထွက်သွားကြ၏။



## ဟင် . . . ဟင်

ဆရာတော်က ကပ္ပိယများကို ခင်ဗျားတို့ထွက်သွားမှ ကျုပ်တို့ အတင်းပြောလို့ရမှာဗျာ့ဟူသော စကားသံကြားရတော့ မိမိမှာ ခေါင်းကြီးသွားရတော့၏။

ဘာ့ကြောင့်လဲဆိုတော့ ယမန်နှစ်က မဟာမြိုင်မှာ ဩဝါဒခံယူစဉ်က မိန့်ဆိုသော စကားများကို "အတွင်းစကား" စသည်ဖြင့် စာအုပ်ထုတ်ထားလိုက်သေး၏။

ကျောင်းဒကာ၊ ဒကာမများက စာအုပ်ကလေးကောင်းလိုက်တာဟု ဆိုကြတော့ အေး . . . နောက်တစ်ခါကြွသွားရလို့ စာအုပ်ထုတ်ရင် ဝ-ဆွဲဖြုတ်ပြီး ထုတ်မယ်ဟုအကြိမ်ကြိမ် ပြောခဲ့ဖူး၏။ ယခု ဆရာတော်က ခင်ဗျားတို့မရှိမှ ကျုပ်တို့ အတင်းပြောရမှာစကားကြောင့်ပင်။

www.burmeseclassic.com

အတွေးထဲမှာတော့ ငါ ဒကာ၊ ဒကာမတွေကို ပြောတာ ဆရာတော်များ သိသွားလေရော့သလား။

အေးလေ . . . ဆိတ်ငြိမ်ရာအရပ်မှာ ချဉ်းကပ်ပြီး တစ်ပါးတည်းနေ၊ တစ်အာရုံတည်းထား၊ အာရုံမပြား တစ်သားတည်းကျ၍ နေကြပါမူ သိနိုင်စွမ်းရှိမည်ဆိုတာ ဓမ္မသဘာဝပါပဲဟုဖြင့်သာ။



# ဝိနည်းတော်နှင့်အညီ သြဝါဒဆိုသို့

ရဟန်းတော်အချင်းချင်း ပြောဆိုရာ၌ လူသာမဏေတို့ မရှိခြင်း၊ မကြားခြင်းသည် အကောင်းဆုံးဖြစ်၏။ ဒါကတော့ ဝိနည်းတရားတော်အရဖြစ်၏။

★ အမှန်တကယ်ရသော ဈာန်မဂ်ဖိုလ်တရားကို ရဟန်းအချင်းချင်း ပြောပြရာ၌ အာပတ်မသင့်ချေ။ လူသာမဏေအား ပြောပါက ပါစိတ်အာပတ်သင့်၏။ ဈာန်မဂ်ဖိုလ်တရားကို မရဘဲ ဝါကြွားလို၍ လူသာမဏေအား ပြောက ပါရာဇိကအာပတ်သင့်၏။ (ရဟန်းမဟုတ်ပြီ)

★ တရားအားထုတ်နေစဉ် တရားထူးမရဘဲလျက် ရသည်ဟု အထင်ရှိ၍ ရဟန်းအချင်းချင်း ပြောရာ၌

www.burmeseclassic.com

အာပတ်မသင့်၊ လူသာမဏေအား ပြောရာ၌ ပါစိတ်အာပတ်သင့်၏။

★ မိမိ ကမ္မဋ္ဌာန်းထိုင်ရာ၊ ဝိပဿနာရှုရာ၌ တွေ့ရှိချက်များကို လူသာမဏေအား မပြောရ၊ မိမိဆရာ သမားအား ဖွင့်ဟ ပြောခွင့်ရှိသည်။ တရားအားထုတ်သူ ရဟန်းအချင်းချင်း ပြောခွင့်ရှိ၏။ ဝါကြွားလိုစိတ်ဖြင့် မပြောရ။ ထိုစကားကို ပြောခြင်းကြောင့် တရားအားထုတ်သည့် အဖော်ဖြစ်သူ မမြဲမိတ်ဆွေ ရဟန်းအား သဒ္ဓါထက်သန်စေလိုသော စေတနာဖြင့် ပြောခွင့်ရှိသည်။



# ဓုတင်ဖျက်၍

ရှေးအခါက ဆရာတော်ကြီးတစ်ပါး ကောသနိက်ဓုတင် (တစ်နေ့တစ်ကြိမ် တစ်နေရာတည်း၌သာ ဆွမ်းဘုဉ်းပေးသောအကျင့်)ကို အနှစ် (၄၀)ကြာ ဆောင်ခဲ့၏။ မသိသော ဒကာတစ်ယောက် ဆွမ်းဘုဉ်းပေးပြီး နေရာပြောင်းထိုင်သော ထိုဆရာတော်ကြီးအား မုန့်ကပ်လှူ၏။ ဆရာတော်ကြီးက မုန့်မဘုဉ်းပေးသဖြင့် ဆရာတော်ကြီးက ကောသနိက်ဓုတင် ဆောက်တည်ပါသလား မေးရာ ဆရာတော်ကြီးက အနှစ် (၄၀) ဆောက်တည်ခဲ့သော ဓုတင်ကို လူမသိစေလိုသဖြင့် ဓုတင်ဖျက်၍ ကပ်လှူသော မုန့်ကို ဘုဉ်းပေးပြီးမှ အသစ်တစ်ဖန် ဓုတင်ဆောက်တည်မှု ပြုရရှာသည်။

www.burmeseclassic.com

တစ်ခါတစ်ရံ ဒကာများသည် မိမိလှူသော ဝတ္ထုကို သုံးဆောင်လိုသဖြင့် ဆရာတော်ကြီးများ ဓုတင်ဖျက်ခဲ့ရသည်များ ရှိခဲ့၏။ သတိပြုစရာပင်ဖြစ်၏။



# ရဟန်းအချင်းချင်း

ဆရာတော်ကြီးသည် ကပ္ပိယများကို ဖယ်ရှားပေးခြင်းသည် ဝိနည်းတော်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၏။ အကယ်၍ ကျင့်စဉ် ဝိပဿနာနှင့် အလွန်မြင့်မြတ်သော တရားတွေကို ပြောဆိုပါက၊ ဆွေးနွေးပါက လူသာမဏေသိရှိပါက မလိုအပ်သော ဝိနည်းတော်များငြိစွန်းနိုင်၏။ ထိုတရားစကားမျိုးမဟုတ်သော စကားများပြောဆိုပါက လူသာမဏေရှိသော်မှ ဝိနည်းငြိစွန်းစရာမရှိပါချေ။ သို့သော်လည်း ဆရာတော်ကြီးကတော့ ရဟန်းရဟန်းချင်း ပြောဆိုမှုကို နှစ်သက်တော်မူ၏။

မဟာမြိုင်တွင် တရားလျှောက်တုန်းကလည်း ဆရာတော်ဘုရား ကပ္ပိယမရှိမှ ဖြစ်ပါမည်လျှောက်ရာ

www.burmeseclassic.com

ဆရာတော်ကြီးက ဖြည့်ပေးသည်မှာ ဦးဟေမိ ကပ္ပိယ မရှိမှလို့ မပြောနဲ့၊ ကပ္ပိယမကြားမှ ဖြစ်မည်လို့ပြော။ တော်ကြာ အောက်က ချောင်းနားထောင်နေဦးမည်ဟု ပြုံးရွှင်စွာဖြင့် ဦးဟေမိ၏ စကားလိုအပ်ချက်ကို ဖြည့်စွက်ပေးခဲ့ဖူး၏။

ဆရာတော်ကြီးသည် ဦးဟေမိ ဩဝါဒခံယူတိုင်း၊ တရားလျှောက်တိုင်းလိုလိုပင် တစ်ပါးချင်း မိန့်တော်မူတာများ၏။ ဆရာတော်ကြီးကား ဝိနည်းလေးစားသလို သံဃာတော်များကိုလည်း လေးစားတော်မူ၏။

ထို့နောက် ဆရာတော်က ရန်ကုန် သရက်တော ကျောင်းတိုက် သာသနောဒယကျောင်းဆရာတော် ဦးပဝရ (ဒေါက်တာ)နှင့် ဒလ ဦးပဝရတို့ နှစ်ပါး အကြောင်းနှင့် တပည့်တော် မော်လမြိုင် စိန်မမ ပါဠိတက္ကသိုလ်ကျောင်းတွင် နေစဉ်ကာလက မော်လမြိုင် သုမင်္ဂလာစာရ စာမေးပွဲဖြေဆိုရန် စိန်မမကျောင်းသို့ လာရောက်တည်းခိုပြီး စာမေးပွဲဖြေဆိုကြကြောင်းများ မိန့်တော်မူ၏။

ဆရာတော်ဘုရား ဆရာတော်ရေးထားတဲ့ **ဘဝ ကန္တာရ သင်္ကေတကထာ** ထဲမှာ ရေးထားသေးသည့်



ဦးပဝရထံမှ ငွေ (၃၀)ကျပ် ခေတ္တယူပြီး ပုသိမ်ကြွခဲ့ရကြောင်း ပါသေးသည်ဘုရား ဟုတ်လားဗျာ။

အဲဒီ စိန်မမကနေ ရန်ကုန် သရက်တော ကျောင်းတိုက် ခေတ္တဝင်ပြီး ပုသိမ် သာသနရံသီ ပါဠိတက္ကသိုလ်ကျောင်း ပြောင်းသွားတာ၊ ပုသိမ်ပြောင်းဖို့ ငွေမရှိလို့ ဦးပဝရဆီမှ ခေတ္တယူသွားရတာဘုရား။

ဦးပဝရက တော်တော်စိတ်ကောင်းရှိတာဗျာ့၊ အေးအေးဆေးဆေးလည်း နေတယ်၊ ဉာဏ်လည်း ကောင်းတယ်ဗျာ့။ စာသင်သားဘဝတည်းက တပည့်တော်တို့ထက် ပြည့်စုံတယ်လို့ ပြောရမှာပဲ။ တပည့်တော်တို့ကတော့ အဲဒီလို မဟုတ်ဘူးဗျာ့။

www.burmeseclassic.com

# သိမ်ကဆင်း ဆရာဒကာ ကွဲခြင်း

နောက်ပြီးတော့ တပည့်တော်က ရဟန်းဒကာနဲ့ သိမ်ဆည်းတည်းက ကွဲသွားကြတာပဲလေ။ ရဟန်းခံပြီး ငါတို့ရဟန်းခံတဲ့ ဦးပဥ္စင်း၊ ငါတို့လျှောက်သလို လုပ်ရမှာပေါ့ မူဝါဒက ပါသေးတယ်။ တပည့်တော်က အထက်မွေး အောက်ကြီးလာတဲ့သူ။ ရန်ကုန်နှင့် မော်လမြိုင်မြို့ကြီးတွေမှာနေတော့ ရဟန်းဒကာတွေက အရေးဆိုလာတာက လည်ပါများတဲ့လူ့ည်းဘီး ချီးပေ တတ်တယ်။ ဘယ့်နှယ် ညာနှယ်နဲ့ ပြောပြီး ဖြူးဆရာတော် ဦးနရပတိတို့နေတဲ့ စစ်ကိုင်း လေးကျွန်းသာယာ ကျောင်းမှာ နေဖို့ ပြောလာတာ။ ဦးနရပတိက တပည့်



တော်တို့ဘက်က အကျိုးလက်ရှာသွားပါ။ ရှာချင်းနီး တာပေါ့။

တပည့်တော်ကလည်း ကိုယ့်မာနနဲ့ကိုယ်ပဲ။

ဘယ်သွားသွား ဘယ်မှာနေနေ ကိုယ်ကြိုးစားမှ ကိုယ်ရတာ။

ကိုယ်မကြိုးစားရင် ကိုယ်မရဘူး။

အဲဒီတော့ သူတို့နေစေချင်တဲ့ကျောင်းမှာ မနေရ ကောင်းလားဆိုပြီးတော့ သိမ်ကထွက်တည်းက ရဟန်း ဒကာတွေနဲ့ ကွဲသွားတော့တာပါပဲ။ ဒီတော့ ရဟန်းဒကာ တွေကလည်း တစ်ပြားမှ မထောက်ဘူးလေ။ မိခင် ကလည်း မုဆိုးမကြီးဆိုတော့ ဘာမှ မတတ်နိုင်တော့။ ရဟန်းဒကာတို့ကတော့ ကုန်သည် ပွဲစားဆိုတော့ ထိုက်တန်သလောက် ရှိပါတယ်။ သို့သော်လည်း သူတို့ ထားရာမနေလို့ဆိုပြီး ကွဲသွားကြတာပါပဲ။

www.burmeseclassic.com

# ရဟန်းဒကာ

ဆရာတော်ကြီး၏ ရဟန်းဒကာဖြင့် ကွဲသွားပုံ အကြောင်းများ မိန့်ဆိုသံကြားရတော့ မိမိဥပဇ္ဈာယ် ဆရာတော်ကြီး ဘဒ္ဒန္တဉာဏိန္ဒာဘိဝံသ (လိပ်ချောင်း၊ ညောင်ဝိုင်း)၏ ရဟန်းဒကာနှင့် ရဟန်းအကြောင်း မိန့်တော်မူပုံများကို တွေးမြင်မိပါတော့၏။

ဒကာ၊ ဒကာမများဟာ ရဟန်းခံပြီးနောက် ငါတို့ ရဟန်းခံတဲ့ ရဟန်းပဲဆိုပြီး ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ကြတယ်။ စာသင်သား ရဟန်းငယ် ကိုရင် ငယ်တွေအတွက်လည်း လိုအပ်ပါတယ်။ အထောက်အပံ့ ရှိမှ စာသင်နိုင်တာပဲ။

ရဟန်းဒကာဆိုတာ နှစ်မျိုးရှိတယ်။



★ ရဟန်းဒကာရယ်

★ ရဟန်းတစ်ခါရယ် နှစ်မျိုးပေါ့။

ရဟန်းဒကာဆိုတာ ရဟန်းခံပြီးနောက် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ဖြင့် လိုလိုသေး မရှိအောင် ထောက်ပံ့ပေးနေတာ။ အဲဒါ ရဟန်းဒကာလို့ ခေါ်တယ်။

ရဟန်းတစ်ခါဆိုတာက ရဟန်းခံပြီးနောက် ဘာ ပစ္စည်းလေးမှလည်း မထောက်ပံ့တော့ဘူး။ ရဟန်းခံပြီး တည်းက ပြီးသွားတာပဲ။ အဲဒါ ရဟန်းတစ်ခါလို့ ခေါ်တယ်။

နောက်ပြီးတော့ ပစ္စည်းလေးပါး ဒကာက သုံးမျိုး ရှိတယ်။

၁။ ပစ္စည်းလေးပါးဒကာ၊

၂။ ပစ်စည်းလေးပါးဒကာ၊

၃။ ပျက်စီးလေးပါးဒကာ။

★ ရဟန်းခံပြီးတဲ့နောက် ကျောင်း၊ သင်္ကန်း၊ ဆေး၊ ဆွမ်းတို့ဖြင့် မပြတ်ထောက်ပံ့နေတာ ပစ္စည်း လေးပါးဒကာခေါ်တယ်။

★ ရဟန်းခံပြီးတဲ့နောက် ဘာမှမထောက်ပံ့ဘဲ ပစ်ခဲ့ ထားတာကိုတော့ ပစ်စည်းလေးပါးဒကာခေါ်တယ်။

www.burmeseclassic.com

★ ရဟန်းခံပြီးနောက် ဘာမှလည်း မထောက်ပံ့၊ ပစ်ခတ်ထားရုံတင်မကဘဲ သဘောကွဲလွဲ၍ ပျက်စီးအောင်ပင် ဖန်တီးသူက ပျက်စီးလေးပါး ဒကာပေါ့ မိန့်၏။



# ဘဝကံဆိုးပုံက

ဦးဘောဓိရေ . . . ဦးပဝရဆီက ယူတဲ့ငွေဟာ တော်တော်နဲ့ မပေးနိုင်ဘူး။ သူကလည်း မတောင်းဘူးဗျာ။

ပုသိမ် သာသနရံသိတက္ကသိုလ်ရောက်ပြီးနောက် ပထမကြီးတန်းအောင်မှ ပေးနိုင်တာဗျာ၊ ဆုငွေလေးရလို့ ပေးနိုင်တာဗျာဟု ပြုံးရွှင်စွာဖြင့် အသံတိုးတိုးလေး မိန့်တော်မူ၏။ တပည့်တော်ရဲ့ဘဝ၊ တပည့်တော်ရဲ့ကံ မကောင်းပုံက အဲဒီအထိ ပြောရမှာပဲ။

ပုသိမ်က ပထမကြီးတန်းအောင်တော့ ခုံနံပါတ် ပ/၁၈ နဲ့ အောင်ခဲ့တယ်။ ပုသိမ်မြို့က သူတို့ပုသိမ်စာဖြေဌာနက အမှတ်အများဆုံး ရွေးချယ်ပြီး ပ-ဒု-တဆုကို ဆုပေးတယ်။ ရန်ကုန်ကို အမှတ်တောင်းပြီး ကြည့်တာပေါ့။

www.burmeseclassic.com

အမှတ်တောင်းလို့ ရလာတော့ တပည့်တော်တို့ ကျောင်းက ဦးပညာသာရက အမှတ်အများဆုံး၊ တပည့်တော်က ဒုတိယ အမှတ်အများဆုံး ရခဲ့တယ်။ ဒီတော့ တပည့်တော်က တစ်လ (၁၀ိ/-)ရတယ်။ နောက်ပြီး ပါဠိတက္ကသိုလ်ကျောင်းသားကလည်း ဈေးကြီး တယ်ဗျာ့၊ တစ်လ (၁၀ိ/-)ရတယ်။ ဒီတော့ ရငွေပေါင်း လိုက်တော့ တစ်လ (၂၀ိ/-)ကျပ်ရတယ်။ အဲဒီတော့မှ ဦးပဝရဆီကို ခေတ္တယူသုံးငွေ ပြန်ဆပ်နိုင်တာ။

အဲဒီ ဘဝကန္တာရထဲ တပည့်တော်ရဲ့ဘဝ အကုန် ပါပဲဟု မိန့်တော်မူ၏။



# ရဟန္တာမဟုတ် ရဟန်းနာ

ဆရာတော်ဘုရား ပျဉ်းမနား ဈေးကုန်းဆရာတော်၊ ပါဠိဆရာတော်တို့က အတ္ထုပ္ပတ္တိကို ဆရာတော်ကိုယ်တိုင် ရေးထားလည်း အချက်အလက်တွေ ထပ်ပြီး မှတ်တမ်း တင်ထားပါအုံးတဲ့။ အပြင်ဘက်မှာ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်မှန် ကလေးတွေဟာ နောင်လာနောင်သားအတွက် အတုယူ စရာ၊ အားတက်စရာတွေ အများကြီး ရှိပါတယ်တဲ့။

ဈေးကုန်းဆရာတော်ကြီးကလည်း တပည့်တော်နဲ့ တွေ့တိုင်း ဟိုရဟန္တာကိုယ်တော်လေး ဘယ်မှာသီတင်းသုံး နေပါသလဲဟု မေးပါတယ်လျှောက်တော့ . . .

တပည့်တော်ပြောသလို ပြန်မပြောလိုက်ဖူးလား။ ရဟန္တာ မဟုတ်ဘူးဘုရား၊ ရဟန်းနာချည်းပါလို့ ပြန်လျှောက်ရမှာဗျာ့။

www.burmeseclassic.com

တပည့်တော်က လျှောက်ပါတယ်။ အတ္တုပ္ပတ္တိထဲမှာတော့ အပြင်က လူတွေကသာ ရဟန္တာ ရဟန္တာနဲ့ ပြောနေကြတာ ကျောင်းတွင်းမှာတော့ ရဟန်းနာချည်း ရဟန်းနာကြီး ဖြစ်နေတာတော့ ဘယ်သူမှ မသိကြဘူးလို့ လျှောက်လိုက်ပါသည်ဘုရား။ ဦးဗောဓိ ဟုတ်ပဲ့ဗျာ့။

ဦးဗောဓိ ဟုတ်တယ်လေ။ ကျောင်းတွင်းထဲမှာ ရဟန်းနာကြီးက တစ်ပါးတည်း လူးလိမ့်ခံနေရတယ်လေ။ အဲဒါကတော့ ဘယ်သူမှ မသိဘူးဗျာ့။

တပည့်တော်က သံဃာဆိုရင် လေးစားတယ်၊ ကြည်ညိုတယ်ဆိုတော့ သံဃာကိစ္စမှတစ်ပါးကတော့ ဘ၀ကန္တာရထဲမှာ စုံသလောက်ပါပဲ။



# နုဝစုတဂ်ါစာရှင့် ဗုဒ္ဓါရုသ

တပည့်တော် ဟသ်ာတရောက်တော့ ဘုရားကြီးကျောင်းတိုက်မှာ သီတင်းသုံးတဲ့ နုဝစုတဂ်ါစာရ ဆရာတော်က မိန့်ပါတယ်။ မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ သာသနာပြု မဟာခရီးသည်စာအုပ် ဖတ်ရတော့ ဗုဒ္ဓါရုသကို ကျေးဇူးတင်ပါတယ်။ ဆရာတော်ကြီးရဲ့ ခက်ခဲစွာတောရဆောက်တည်ပုံများ၊ ကျင့်ဆောင်ပုံများ၊ ဘ၀ဒဿန၊ ဓမ္မဒဿနများ သိရလို့ပါ။ ရဟန်းတစ်ပါးအကြောင်း ရဟန်းတစ်ပါးက ရေးတယ်ဆိုတော့ ထိန်းထား သိမ်းထားတာ မြှုပ်ထားတာ ဆောင်သိရမှာတွေကို တွေ့ရတော့ ကျေနပ်ပါတယ်။ ဝမ်းမြောက်ဂုဏ်ယူပါတယ်ဟု မိန့်တော်မူပါတယ်။ ဟုတ်လားဗျာ။ နုဝစုတင်ကြီးက အဲဒီလို လျှောက်သလားဗျာ။

www.burmeseclassic.com

# အကျင့်စကားလေး ပြောပါအုံး

သာသနာပြု မဟာခရီးသည်စာအုပ် ဖတ်ကြပြီးတော့ တချို့သာဝကတွေက ဆရာတော်ကြီးရဲ့ အကြောင်းများနှင့် သာသနာပြုစိတ်ထားများကို ဖတ်ရှုရတော့ ကျေးဇူးတင်ပါတယ်လို့ လာလျှောက်ကြသေးတယ်ဘုရား။

ဦးဇောဓိကြီး ဘာပြန်ပြောလိုက်လဲ။

ဆရာတော်ကြီးဖြစ်စဉ်ကတော့ ထားတော့ . . . သာသနာပြုစိတ်ထားကတော့ ဟို . . . ဓမ္မဝါဒကထာကျမ်းမှာ နောက်ပိုင်းပါတာတွေကို ကူးပြီး ဖော်ပြထားတာ ခင်ဗျားတို့က ဆရာတော်ကြီးစာအုပ် ဇီရိုထဲပဲ ဆောင်ထားတာကို မဖတ်ကြလို့ပါ။



ဆရာတော်ကြီးမှာ . . .

ရေးရတာလည်း လက်ညောင်းလှပြီ။

တောပြောင်းရတာလည်း တောကုန်လောက်ပြီ။

ဟောရ ပြောရတာလည်း မောလှပြီ။

ဒီတော့ စကားမပြောတော့ဘဲ ဆွမ်းပဲ အလှူခံတော့တာဟု ပြောလိုက်ပါသည် လျှောက်တော့ ဟုတ်ဗျာ ဟုတ်ဗျာ။

အေးလေ . . . သူတို့က လာရောက်ဖူးတယ်ဆိုပြီး ရှေးဟောင်းနောက်ဖြစ် စကားလောက်ပဲ ပြောချင်ကြတာလေ။ အကျင့်စကား တစ်လုံးမှမပါဘူး။ ကျင့်ရကောင်းမှန်း မသိတာ ပိုပြီးဆိုးတယ်။ ဆရာတော်ဘုရား ကျင့်ရကောင်းမှန်းမသိတာထက် ဖတ်ရကောင်းမှန်း မသိသူတွေက ပိုဆိုးမယ်ထင်တယ်။ ဟုတ်ဗျာ ဟုတ်ဗျာဖြင့်။

တပည့်တော်တို့ ဘယ်လိုကျင့်နေတာ၊ ကျင့်လို့ ဘယ်လိုမြင်တာ၊ အကျင့်ဘယ်လို စင်ကြယ်တာ မပါကြဘူး။ နေရာဒေသရောက်ဖူးတာပေါ့နှင့် ဟိုလျှောက် ဒီလျှောက်တွေက များပါတယ်ဗျာ။ ဦးဇောဓိ စာတောင် မဖတ်ဘူးဆိုတော့ ပိုဆိုး။ အဟုတ်ဗျာ ဟုတ်ဗျာဖြင့်။

www.burmeseclassic.com

# အတွင်းစကားထဲက သာသနာပြုစကား

မနှစ်က တပည့်တော် မဟာမြိုင်တွင် ဆရာတော်ထံမှာ ဩဝါဒခံယူစဉ်က တရားလျှောက်သည့်မှတ်စ်ပါး သာသနာပြုစကားရပ်များကို **"အတွင်းစကား"** ဆိုပြီးတော့ စာအုပ်ထုတ်၍ ဓမ္မဒါနပြုလိုက်ပါသေးတယ်ဘုရားဟု လျှောက်တော့ ဟုတ်တ္တာ ဖတ်ရသေးတယ်။

အဲဒီအထဲက ဆရာတော်ကြီး မိန့်တော်မူလိုက်တဲ့ ပန်းပုဆရာပုံစံ သွားနည်းများကို တော်တော်များများ သဘောကျကြပါတယ်။

★ ရွှံ့လိုလူမျိုးဆိုရင်တော့ ရေနဲ့နှဲ၍ ကိုယ်လိုသလို ပုံစံသွင်း။



★ ဖယောင်းလိုလူမျိုးဆိုရင် မီးလေးပြပြီး ကိုယ်လိုသလို ပုံစံသွင်း။

★ သစ်သားလိုလူမျိုးဆိုရင် လွှ၊ ဆောက် စသည်တို့ဖြင့် ကိုယ်လိုသလို ပုံစံသွင်း။

★ ကျောက်လိုလူမျိုးဆိုရင် စို့၊ တူတို့ဖြင့် ကိုယ်လိုသလို ပုံစံသွင်း။

ကိုယ်လိုချင်တဲ့ပုံစံ ရချင်ရင် ရေတစ်ခွက်၊ မီးတစ်တိုင်၊ လွှ, ဆောက်၊ စို့, တူတို့ ကိုင်ထားရမယ်ဆိုတာ သဘောပေါက်သွားကြတယ်ဘုရား။

နောက်ပြီး အမြောက်သုံးလက် ကျည်ဆန်သုံးတောင့်ဆိုတာလည်း ရဟန်းသာမဏေတို့အတွက် အတော်ကိုပဲ ကျေးဇူးပြုပါတယ်။

လူအမြောက်
နတ်အမြောက်
မာတ်အမြောက် . . . ဟူ၍ အမြောက်သုံးလက်။
ကိုယ်ပြောသလိုဖြစ်တဲ့ အာဏာကျည်ဆန်။
ကိုယ်လိုသလိုရတဲ့ လာဘ်ကျည်ဆန်။
ကိုယ့်ဘဝအဆက်ဆက်က မ,ကျည်ဆန်။
ဤကား ကျည်ဆန်သုံးတောင့်။

ဤအမြောက်သုံးလက်၊ ကျည်ဆန်သုံးတောင့်တို့ကို ရှောင်နိုင်၊ တိမ်းနိုင်မှ လူတော်ဖြစ်မှာ၊ အောင်ပွဲရမှာနော် ဆိုတာ သဘောကျကြပါတယ်ဘုရား။



# ကြမ်းကုန်ပြီ

ထို့နောက် ဥတုတွေ ဖောက်ပြန်လာတယ်၊ အာဟာရတွေကလည်း မနူးမနပ် ဖောက်ဖောက်ပြန်ပြန်၊ စိတ်တွေကလည်း ဖောက်ပြန်၊ ညစ်နွမ်း၊ အဲဒီတော့ ကံတွေကလည်း မကောင်းဘူး၊ ဆိုးလာကြပြီတဲ့။

ဥတုကလည်း ကြမ်းလာပြီ၊ ဖောက်ပြန်လာပြီ၊ အပူလွန်လာတယ်။ တစ်နှစ်တစ်နှစ် ပိုကြမ်းလာမယ်။ ဥတုကြမ်းလာတဲ့အတွက် မြေဆီမြေလွှာတွေ ဆုတ်လာမယ်။ မြေဆီမြေလွှာ ဆုတ်လာတဲ့အတွက်ကြောင့် အာဟာရတွေ ကြမ်းလာမယ်။ အာဟာရကြမ်း၊ အစာကြမ်းတွေ စားတဲ့အတွက် အကြေတွေ မာလာမယ်၊ အကျိတ်အဖုတွေ ကြီးထွားလာမယ်။ ထိုအခါ စိတ်တွေ ကြမ်းလာမည်။ စိတ်တွေ ကြမ်းလာသည့်အတွက် ကံကြမ်းတွေ ဆုပ်ကြ

www.burmeseclassic.com

တော့မယ်။ ကံကြမ်းတွေ ဆက်လုပ်လာတဲ့အတွက် ဥတု ကြမ်းမယ်၊ အာဟာရလည်း ကြမ်းမယ်၊ စိတ်ကြမ်းမယ်၊ ကံကြမ်းမယ်။ ပတ်ချာလည် သွားနေတော့တာ။ ဒီတော့ ဘ၀တွေ ကြမ်းကြတယ်၊ သံသရာတွေကြမ်းကြတော့တယ်။

နောက်ပြီး ရုပ်ဓာတ်တွေ၊ စိတ်ဓာတ်တွေ အားနည်း လာတဲ့အတွက် သုခလည်း မခံနိုင်၊ ဒုက္ခလည်း မခံနိုင်ဘူး။ ခိုင်ခံ့အားတွေ နည်းသွားရတယ်။ နောက်ပိုင်းရောက်လေ ဒီထက်ဆိုးလေဆိုတဲ့ သဘာ၀နိယာမကိုလည်း အလွန်ပင် သဘောပေါက်ကြပါတယ်ဘုရားဟု လျှောက်တော့ ပြုံးရွှင် စွာဖြင့် ဟုတ်လာဗျာ၊ ဟုတ်လားဗျာဖြင့်။



# ကျွန်းမာရေးက ပန်းနာတဲ့

ထို့နောက် ဆရာတော်ဘုရား ကျန်းမာရေးကောင်းမွန် ပါရဲ့လား မေးလျှောက်တော့ ဦးဇောဓိကြီး ပန်းနာလေ (ပင်ပန်းနာ) အရှင်ဘုရားကြွလာတဲ့ ကားလမ်းအတိုင်း သုံးမိုင်ကျော်ခရီးကို နေ့စဉ် ဆွမ်းခံကြွနေရတာလေ။ ဆွမ်းခံတော့လည်း အလှူရှင်တို့ရဲ့ သဒ္ဓါကို ငဲ့နေရတာ၊ ဆွမ်းခံချိန်ပင် အကြာကြီးပဲ။ ပြီးမှ ကျောင်းပြန်ကြွရ တာလေ။

ပရိသတ်ကလည်း အများကြီး၊ ဟိုရွာထဲမှာပင် မတင်းတိမ်နိုင်ဘဲ ဂူရောက်အောင် လိုက်ကြတယ်။ ဒီကြားထဲ ရန်ကုန်၊ မန္တလေး၊ မိုးကုတ်၊ မိုးမိတ် ပရိသတ် တွေကလည်း စုံလို့ပဲ။ ညှိခံရတာက တစ်ပါးတည်း။

www.burmeseclassic.com

အဲဒီတော့ ဒီအသက် (၇၀)ကျော် ခန္ဓာကိုယ်ကြီးက ကြာလာတော့ မခံနိုင်တော့ဘူးဗျာ့။ ဟိုဘက်ရက်ကဆို ပန်းဖျား ဖျားနေတာ၊ အဖျားသွေး တစ်ရာ့သုံးလေးလောက် ရောက်သွားတယ်။

ဒေါက်တာကြီးတွေလည်း ဒေါင်ချာစိုင်းသွားတော့တယ်။ ဟိုကဆရာ၊ ဒီကဆရာတွေနဲ့ စုံလို့ပေါ့ဗျာ။

တပည့်တော်ကလည်း ဘယ်လောက်ပဲ ပန်းနာဖြစ်နေဖြစ်နေ၊ လည်ပင်းဖျစ်ညှစ်တဲ့ ဧည့်သည်တွေလာတော့၊ ကြွေးတောင်းတဲ့ ဧည့်သည်တွေလာတော့ ဟီးဟီး ဟားဟားနဲ့ ဧည့်ခံပေးနေရသေးတယ်။ သူတို့ကတော့ နေကောင်းတယ်ပေါ့။

ဦးဇောတိရေ မတတ်နိုင်တော့ဘူး။ ဘာမှကို မတတ်နိုင်တော့ဘူး။ ဧည့်သည်ကလည်း အဲဒီလောက်များတာဗျာ့။



# မဘိန်းလား မဘိတ်လား

ဆရာတော်ဘုရား မဟာမြိုင်တောမှ မဘိန်းသို့ ဦးတည်ပြီးကြွတယ်လို့ ကြားရပါတယ်ဘုရား။ ဆရာတော်ကို လက်လုပ်တောင် တောင်ပိုင်ကြီးကများ မဘိန်းကြွဖို့ ပင့်တော့လားဘုရား။

ဦးဇောတိ ဘာပြုလို့လဲ။

တပည့်တော် လက်လုပ်တောင်မှာ တပို့တွဲလ တရားစခန်းဖွင့်တဲ့ရက်မှာ မဘိန်း (၁၀)ယောက်လောက် လက်လုပ်တောင် ရောက်လာကြပါတယ်။

တပည့်တော်က ဘယ်ကလာကြလဲ မေးတော့ "မဘိန်းကပါ" ပြောတယ်။ မဘိန်းက ဘယ်မှာလဲဆိုတော့ မိုးကုတ်-မိုးမိတ်တို့ကို ကျော်သွားရပါသေးတယ်တဲ့။

www.burmeseclassic.com

မဘိန်းသားတွေ ဘာပြုလို့ နေပြည်တော်-ပျဉ်းမနား -လက်လုပ်တောင် ရောက်လာကြတာလဲ မေးတော့ သမြေကုန်းရွာက မနီဆီမှာ ဆေးလာကုတာပါဟု လျှောက်တယ်။

မနီဆိုတာ လက်လုပ်တောင် တောင်ပိုင်ကြီး၏နှမ ဆိုပြီး တောင်ပိုင်ကြီးက ဝင်ပူးပြီး ဆေးကုပေးနေတာ ဟုတ်ဗျာ။

မဘိန်းတွေက ဘယ်လိုလုပ်ပြီး မနီဆီရောက်လာတာလဲ မေးတော့၊ တပည့်တော်တို့ဘက်က မန္တလေးမှာ နေသူ မျက်စိမကောင်း၍ အကြာကြီးပဲ ဘယ်လိုမှ ဆေးကုလို့မရခဲ့ဘူး။ သတင်းကြားလို့ တောင်ပိုင်းကြီး မနီဆီ လာကုတာ ခဏလေးနဲ့ ပျောက်သွားတယ်။ ဒီတော့ ရွာက ကျန်းမာရေးမကောင်းတဲ့သူတွေကို အကြောင်းကြားပြီး ပို့ပေးတာပါ။ ယခုလာတဲ့ မဘိန်းတွေကတော့ ရောဂါပျောက်ကြရဲ့လားလို့ မေးတော့ ခဏလေးမို့ သက်သာပါတယ်ဟု လျှောက်ကြတယ်။

ဒီတော့ တပည့်တော်တို့ လက်လုပ်တောင်နှင့် မဘိန်းတို့ ဆက်သွယ်မိနေတယ်ဆိုတော့ တောင်ပိုင်ကြီး ပင့်ပါလားလို့ လျှောက်တာပါဘုရား။



ဦးဗောဓိရေ တောင်ပိုင်ကြီးပင့်တာမဟုတ်ဘူးဗျာ။ လက်လုပ်တောင်မှ ပြောင်းတော့မည်ဆိုတော့ ရှေးဦးစွာ မဘိန်းကို ဦးတည်ထားသေးတယ်။ သုဝဏ္ဏသျှံ မဟုတ်ဘူး။ အဲဒီတည်းက မဘိန်းနဲ့ လွဲခဲ့တာလေ။

www.burmeseclassic.com

# နေမင်းနဲ့ ကွေကွင်းခဲ့ပုံ

ပျဉ်းမနား-လက်လုပ်တောင်မှ ည (၁၀)နာရီကြမှ ထွက်မည့်အကြောင်း ကြေညာတယ်။ နံနက် (၃)နာရီ စပြီး ခရီးထွက်တော့တာ။ ကားဖြင့် လိုက်ပို့တာက မန္တလေး နေမင်းဆေးလိပ်ခုံပိုင်ရှင် ဒကာကြီး ဦးသောင်းစိန်ပဲလေ။

အဲဒီတော့ ဒကာကြီး ကျုပ်က မဘိန်းသွားချင်တယ်လို့ မပြောဘူးပေါ့။ ဒကာကြီး တခြားနေရာဆိုရင် ဒကာကြီးတို့ လိုက်ပို့ရတာ ပင်ပန်းပါတယ်၊ ခက်ခဲပါတယ်။ ဒကာကြီးတို့ မန္တလေးကို ပင့်သွားရင် မကောင်းဘူးလားဟု စကားစပြီး ပင့်ခွင့်ပေးလိုက်ပါသေးတယ်။

ဆရာတော်ဘုရား ကြွချင်တဲ့နေရာ ကြွပါဘုရား။ တပည့်တော် အရောက်ပို့ပေးပါမည့်ဘုရား။ အိမ်ကိုလည်း အကြောင်းမကြားတော့ပါဘူးလို့ လျှောက်တယ်ဗျာ။



အဲဒီ နေမင်းအိမ်မှာ တစ်ညနားပြီး မဘိန်းလား၊ သုဝဏ္ဏသျှံလား စဉ်းစားပြီး မဘိန်းဆိုလည်း မန္တလေးမှဆက်၊ သုဝဏ္ဏသျှံတောင်ဆိုလည်း မန္တလေးမှဆက် အဲဒီလို တွေးထားသဗျာ။

ဒါယိကာမကြီး ဒေါ်ပညေသီက မကွယ်လွန်မီက မကြာခဏ ပြောဖူးတယ်ဘုရား။ ဟုတ်ဗျာ ဘယ်လိုပြောသလဲ။

ဆရာတော်က ချီးမြှောက်ချင်လို့ နေမင်းဒကာကြီးကို ဒကာကြီးအိမ်ကိုဝင်ပြီး အသိပေးရင်း တစ်ညလောက် ဝင်နားပါအုံးလားဆိုတော့၊ ဝင်မနားတော့ပါဘူးဘုရား၊ အသိလည်း မပေးတော့ပါဘူးဘုရား၊ ဆရာတော်ကြွလိုရာသာ ကြွပါဘုရားဟု လျှောက်တယ်။ ဦးပဥ္စင်းရယ် သူများတွေက ဆရာတော်ကိုပင့်တာတောင် မကြွတာ။ သူ့ကို ချီးမြှောက်ချင်လို့ ပင့်ခွင့်ပေးတာတောင် မသိဘူး။ နုံလိုက်တာ၊ အ,လိုက်တာ ပြောမနေနဲ့တော့။ ဟိုတောင်ကြီးရောက်ပြီး ဆရာတော်က ကားပေါ်မှ ဆင်းကြွသွားပြီးမှ သူက သတိရသွားတာ။ အဲဒီကျမှ စိတ်မကောင်းဖြစ်နေတယ်လို့ လျှောက်ဖူးပါတယ်။

# မဘိန်းနှင့် ဖူးစာမဆုံခဲ့

အဲဒီ နေမင်းအိမ်မှာ တစ်ညအနားယူပြီး မဘိန်း သို့မဟုတ် သုဝဏ္ဏသျှံ ရည်ရွယ်ထားတာ မဘိန်းက ဦးစားပေးပဲ။

သာစည်က အ. ထ. က ကျောင်းအုပ်ကြီးက အဲဒီ မဘိန်းမှာ မြို့နယ်ပညာရေးမှူးဖြစ်နေတာ။ အဲဒီကို သွားချင်တာ။ အရင်ကလည်း သူရဇ္ဇမဂ္ဂဇင်းထဲလား မသိဘူး။ ဖတ်ဖူးထားတာလေ။ မဘိန်းက တောကြီး တောင်ကြီးတွေထဲမှာ ဂူပေါင်းများစွာ ရှိတယ်တဲ့။ ဘယ့်နှယ် ညာနှယ်နဲ့ ရေးထားတာဆိုတော့ အဲဒီဂူတွေ ဆီကို သွားပြီး နေချင်တာ။ လူသူလည်း အရောက် အပေါက်နည်းတယ်ဆိုတော့ သဘောကျသွားတာ။ အဲဒီ လက်လုပ်တောင်က ထွက်ကတည်းက မဘိန်းနှင့် တပည့်တော် ဖူးစာမဆုံတာဗျာ။



ယခု မဟာမြိုင်မှ ထွက်ခဲ့တာလည်း မဘိန်းပဲ။ ဒီမိုးမိတ်မဟုတ်ဘူး။ သို့သော်လည်း ကားဖြင့် လိုက်ပို့တဲ့ ဆရာဝန်တွေကိုလည်း လှည့်ချင် ပတ်ချင်တာလည်း ပါတာပေါ့။ ဒီတော့ သူတို့ကို မိုးမိတ်မှာ ချပေးလို့ပြောတာ။ သူတို့လည်း ပြန်သွားရင် ဘယ်သူကမေးမေး မိုးမိတ်မှာ ချထားခဲ့ရတယ် ဖြေမှာပေါ့လေ။ သူတို့ ကွယ်သွားပြီး နောက်ကျမှ တပည့်တော်က ဟိုမဘိန်းသွားမှာလေ။ လုပ်တုန်းကတော့ မဘိန်း သို့သော် စဉ်သလို ဖြစ်မလာဘူးလေ။

ဆရာတော်ကြီး မိုးမိတ်မှာ သီတင်းသုံးပြီး ဆွမ်းခံ ကြွပုံများ စီဒီဖြင့် ဖူးမြင်ကြရတော့ ဒကာ၊ ဒကာမတွေကလည်း ဆရာတော်ကြီး ပင်ပန်းလိုက်တာ၊ စိတ်မကောင်းလိုက်တာနဲ့ ဖြစ်နေတယ်။

တပည့်တော်လည်း ပြောလိုက်ပါသေးတယ်။

ကယ်စရာပုဂ္ဂိုလ်ရှိလို့ ကယ်နေတာ။

ဆယ်စရာပုဂ္ဂိုလ်ရှိလို့ ဆယ်နေတာ။

ကြွစရာပုဂ္ဂိုလ်ရှိလို့ ကြွနေတာဖြစ်ပါလိမ့်မည်ဟု ပြောလိုက်ပါ။

www.burmeseclassic.com

ဟုတ်ဗျာဖြင့် . . . ။

ဦးမြင့်စိုးကြီးတို့ မိသားစုကလည်း ဆရာတော်ကြီး ပင်ပန်းလိုက်တာ၊ စိတ်မကောင်းလိုက်တာလို့ ဒကာမကြီး ထံမှ ကြားရသေးတယ်။ မိုးမိတ်ကိုလည်း ရောက်ခဲ့ သေးတယ်။ အလုပ်တွေများတာရယ်၊ သွားဖို့ခက်တာရယ် ကြောင့် မရောက်ဘူးလို့ ပြောပါတယ်ဘုရား။

ဟုတ်တယ်လေ။ ဟိုတုန်းက အရှင်ဘုရားကြွလာတဲ့ ကားလမ်းက မပေါက်သေးဘူးဆိုတော့ သူတို့အဆင့်နဲ့ ကြွတော့ ဆိုင်ကယ်နဲ့ မသင့်လျော်ဘူး။ ခြေလျင်ကြွ တော့လည်း အချိန်ပေးရသေးတယ်လေ။ သူ့တပည့် တွေတော့ လာပါတယ်။ သူက ရိုးသားပြီး စိတ်ထား ကောင်းကြပါတယ်။ လူအေးဗျာ့။



# မိုးမိတ်တို့ခုံ မိုးတိတ်ဖို့ ကြုံ

ဆရာတော် ဒီဒေသမှာ သပ္ပာယမျှတပါရဲ့လား၊ အဆင်ပြေပါရဲ့လားဘုရားလို့ မေးလျှောက်တော့ . . . ဦးဇောတိ အဆင်မပြေဘူး၊ မမျှတဘူး။ ပရိသတ်တွေ ရှုပ်တယ်။ ရပ်နီးရပ်ဝေး များလွန်းတယ်။ မန္တလေး၊ မိုးကုတ်၊ မိုးမိတ်တွေက များတယ်။ ရန်ကုန်ကလည်း ပါသေးတယ်။

မဟာမြိုင်ကလို ပရိသတ်ရှင်းချင်တယ်၊ အေးအေး လူလူ လုပ်ချင်တယ်ဆိုပြီး ကြွလာတာ ဒီကျမှ ပိုဆိုးနေ တော့တယ်။ မဟာမြိုင်က ရာသီဥတုက ကြမ်းတယ်။ အသက်အရွယ်နဲ့ကတော့ အတော်သည်းခံနိုင်ခဲ့ရတာဗျာ့။

www.burmeseclassic.com

# အချင်ဖမ်းကာ ခရီးလမ်းရှာ

ဆရာတော် ဝါးသုံးရုံစခန်းမှာတုန်းက အမိန့်ရှိတာလေး သတိရနေပါတယ်ဘုရား။ နေရာပြောင်းခါနီး ဒုတိယဝါဆိုလဆန်းမှာ မန္တလေး၊ ရန်ကုန်၊ သာစည်၊ ပျဉ်းမနားတို့ လဆန်း (၁၂၊ ၁၃၊ ၁၄) လူဖူးနိုင်ကြတယ် ပြောလိုက်တော့ ပျဉ်းမနားဒကာတွေနဲ့ တပည့်တော် ပါလာတာ။

ဆရာတော်က ခရီးဆက်ဖို့ အကြောင်းပြပြီး အချင်ဖမ်းလိုက်တာ အရှင်ဘုရားပါ မိနေပြီဟု မိန့်ဖူးပါတယ်။ ယခုလည်း တပည့်တော် အချင်မိသွားပြီလို့လည်း ခံယူပါတယ်ဘုရား။

ဆရာတော်ကြီးက ပြုံးရွှင်စွာ ဦးဗောဓိကြီး ဟုတ်ပါဗျာ။



အချင်ဖမ်းတာ အချင်ဖမ်းတာ မိနေပြီဗျာ့။

ပျဉ်းမနားက ဦးသန်းဝေပေါ့ဗျာ့။ သူက လျှောက်တယ်။ တပည့်တော်တို့ ဝါဆိုလပြည့်နေ့မှာ ဝါဆိုသင်္ကန်း ကပ်လှူချင်ပါတယ်တဲ့။ ရန်ကုန်၊ ပျဉ်းမနား၊ ရွှေဘို၊ သာစည် အဖွဲ့တွေ ပေါင်းကပ်ချင်ကြပါတယ်လို့ လျှောက်တယ်။

လူရှုပ်လို့ မလာကြနဲ့ ဆိုထားပါလျက် ငါ့ကို ဒီလို လျှောက်ရမလား ဆိုပြီးတော့ ရန်ကုန်က ဘယ်နေ့၊ သာစည်က ဘယ်နေ့၊ ပျဉ်းမနားက ဘယ်နေ့ လာခဲ့ကြလို့ လုပ်လိုက်တာဗျာ။ နင်တို့လာလို့ ငါ ရွှေ့ပြောင်းရတယ်။ ပြောင်းမလို့ကိုပဲ အချင်ဖမ်းလိုက်တာ။ အဲဒါ အချင်ဖမ်းတာခေါ်တယ် ဦးဗောဓိ။

www.burmeseclassic.com

# ဗုံမတီးမီ အုံပြီးလာလို့

ဆရာတော် မိန့်ဖူးတာ ရှိသေးတယ်ဘုရား။ ဗုံထမ်းပြီး မျက်လှည့်လည်ပြတာ။ မျက်လှည့်ပြမယ်ဆိုပြီး ဗုံကလေးထမ်းပြီးသွားရာ ရွာထိပ်ရောက်တော့ မောပါသေးတယ် နားလိုက်ဦးမယ်ဆိုပြီး ဗုံကလေးချပြီး နားနေတုန်းပဲ ရှိသေးတယ်။ မျက်လှည့်ကြည့်မည့် ပရိသတ်တွေက ဝိုင်းအုံလာကြတော့ မျက်လှည့်တောင် မပြရသေးဘူး။ ပရိသတ်ကြောက်တာနဲ့ ဗုံကလေးထမ်းပြီး ပြေးရတယ်။ ဗုံလည်း မတီးရသေးဘူး။ မျက်လှည့်လည်း မပြရသေးဘူး၊ မစရသေးဘူး။ ပြေးခဲ့ရတာ နေရာတိုင်းလိုလိုပဲဟု မိန့်ဖူးပါတယ်ဘုရား။

ယခုလည်း ဆရာတော်ဘုရား ဗုံကလေးချ နားနေရုံ အမောဖြေနေရုံပဲ ရှိသေးတယ်။ ပရိသတ်တွေ များလွန်းလို့



ဗုံထမ်းပြီး ကြွရဦးမည်ထင်တာပဲ ဘုရားလို့ လျှောက်ထားလိုက်၏။ ဆရာတော်က ဟုတ်ဗျာ ဟုတ်ဗျာ ဦးဗောဓိဟု ပြုံးရွှင်စွာဖြင့် . . .။

ဦးဗောဓိရေ . . . ဒီမိုးမိတ်မှာကတော့ ဗုံတောင်ချမနားရသေးဘူး။ ဗုံထမ်းလာတာမြင်တာနဲ့ ပရိသတ်ကြီးက ဝိုင်းလာနေပြီလေ။ ဗုံမတီးရသေး၊ မျက်လှည့် မပြရသေးတာက တော်သေးဗျာ။ ဗုံမြင်တာနဲ့ ပြေးလာကြတာဆိုတော့ နားဖို့တောင် အချိန်မရတော့ဘူးဗျာ။

ဒီမှာ လူတွေ ရှုပ်တယ်၊ များတယ်၊ ကိုယ်က လောကုတ္တရာကို တကယ်အဟုတ် လုပ်စေချင်တာ။ သူတို့က လောကီတွေများတယ်။ ဒါ သူတို့အလေ့အထ ထုံးစံပဲ။ ရေဘူးလေးတွေ ဖွင့်ထားကြတယ်။ ဒီက ကိုယ်တော်ကြီးက ရေဘူးထဲ လက်နှိုက်ပေးရတယ်လေ။ ဘယ်တုန်းကမှ ရေဘူးထဲ လက်မနှိုက်ဖူးတဲ့ ကိုယ်တော်ကြီး မိုးမိတ်ရောက်မှ ရေဘူးထဲ လက်နှိုက်ရတော့တယ်။

ဦးဗောဓိရေ တော်ကြာရင် ရေဘူးလက်နှိုက် ကိုယ်တော်ကြီးဟု နာမည်ကြီးဦးမှာဗျာ့ဟူ၍ ပြုံးရွှင်စွာဖြင့်။

www.burmeseclassic.com

# ဘေးတွေ့ရပြီ

ဟိုတစ်နေ့က ဂေါရခါးမကြီးတစ်ယောက် အနီး ရောက်ပြီး ဖျတ်ခနဲဖြင့် လက်ကိုလှမ်းဆွဲကာ သူ့ရဲ့နဖူးနဲ့ ဘေးနဲ့ ပွတ်တော့တာပဲဗျာ့။ ဝိနည်းနဲ့ အပ်တာ၊ မအပ်တာ၊ လုပ်သင့်တာ၊ မလုပ်သင့်တာ သူတို့မသိဘူး။ ဒေါက်တာ ကြီးတို့လည်း ဘာမျှမတတ်နိုင်တော့ဘူးဗျာ့။ ပြီးတော့ ဂေါရခါးမကြီးက ပြုံးပြုံးနဲ့ဗျာ့ဟု ဆရာတော်က ပြုံး ရယ်လျက် မိန့်တော်မူ၏။

ဆရာတော်ဘုရား တပည့်တော် အိန္ဒိယ ဗုဒ္ဓဂယာ ဘုရားဖူးသွားတုန်းက ဆရာတော်ကြီးတစ်ပါးက မိန့်တော် မူဖူးသေးတယ်ဘုရား။

လေယာဉ်မယ် ကုလားမကြီးတွေက ဆာရီဝတ် ထားတာ ဘေးတစ်ခြမ်းက ပေါ်နေတယ်။ အသားက



မည်းမည်း၊ အဝတ်က အဖြူဆိုတော့ ပိုပြီး ပေါ်လွင် နေတယ်။

ဒီတော့ ရှစ်ဆယ်ကျော် ဆရာတော်ကြီးက ဒီမြင် ကွင်း မြင်လိုက်ရတော့ ဦးဣန္ဒာစရိယရေ တပည့်တော် ရှစ်ဆယ်ကျော်မှ ဘေးတွေ့တော့တယ်။ အိန္ဒိယ ဗုဒ္ဓဂယာ ဘုရားဖူးကြွမှ ဘေးတွေ့ရတော့တယ်။ လေယာဉ်ပေါ် ရောက်မှ ဘေးတွေ့ရတော့တယ်ဟု မိန့်တော်မူဖူးပါတယ် ဘုရား။

ဒီအခါ ဆရာတော်က အားရပါးရ ပြုံးရယ်တော် မူလျက် ဦးဇောဓိ တပည့်တော်လည်း (၇၀)ကျော်မှ ယခု ဘေးတွေ့နေပြီ၊ ယခု ဘေးတွေ့နေပြီဟု လက်ညှိုးကို မိမိကိုယ်ကို ပြန်ထိုး၍ ပြုံးနေတော်မူလေသည်။

www.burmeseclassic.com

## သုံးချောင်းထောက်

အဲဒါ ဂေါရခါးထုံးစံတဲ့။ ဒီက အုပ်ချုပ်ရေးမှူးတွေက လျှောက်တယ်။ အေး ဒီလိုဆိုရင် လုပ်ချင်ရာလုပ်ပေါ့။ နားရွက်မဆွဲရင် တော်ပြီ။ ကျန်တာတော့ ကြိုက်သလိုလုပ်ပေါ့။ သူတို့ထုံးစံကို ကျုပ်က ဘာလုပ်ရမယ် ညာလုပ်ရမယ်၊ ဘာမလုပ်ရဘူး၊ ညာမလုပ်ရဘူး မပြောပါဘူး။ ဒါပေမဲ့ ရဟန်းတော်တို့အတွက် ဝိနည်းနဲ့ လျော်အောင် လုပ်ပေးဖို့ ပြောလိုက်ရသေးတယ်။

ဒီမှာက. . . မြို့နယ်အုပ်ချုပ်ရေးမှူးရယ်၊
မြို့နယ်သာသနာရေးမှူးရယ်၊
မြို့နယ်ရဲမှူးရယ်၊

သူတို့သုံးယောက်နဲ့ အုပ်ချုပ်နေတာ။

သူတို့ သုံးယောက်ကို တပည့်တော်က သုံးချောင်းထောက်လို့ ခေါ်တာ။



## ကဆုန်လပြည့် အကုန်ခဏတွေ့လို့သာ

ဦးဟောဓိ ကဆုန်လပြည့်နေ့က ရုပ်ပျက်ဆင်းပျက်ဖြစ်ပုံများ ရိုက်ထားတဲ့ စီဒီပြား အရှင်ဘုရားဆီ ရောက်ပြီလား။ အဲဒီနေ့က ပရိသတ်က များလွန်းတယ်။ ရုပ်ပျက်ဆင်းပျက်ပဲဘုရား။ မန္တလေး၊ ရန်ကုန်၊ မိုးကုတ် စုံလို့ပဲ။

အဲဒီနေ့က မင်းချစ်သူလည်း ပါတယ်။ ဆုပန်ထွာတို့လည်း ပါတယ်။ မင်းချစ်သူကိုယ်တိုင်က အရှင်ဘုရားဇာတ်ခါမှလည်း ဒီလို မတွေ့ဖူး၊ မကြုံဖူးဘူးဘုရားလို့ လျှောက်သွားသေးတယ်။ ကိုရွှေမောင်ကြီးတို့လည်း ပါသေးဗျာ။

ဆရာတော်ကား ပြောရင်း ဆိုရင်းပင် အသံတိုးတိုးလေးဖြင့် ပရိသတ်တွေက ဦးဟောဓိ ကြည့်မကောင်း၊

www.burmeseclassic.com

ရှုမကောင်းဘဲ။ ရှေ့က တစ်တန်း၊ နောက်က နှစ်တန်း သုံးတန်းပဲ။ ဒီမှာ လှူဒါန်းဖို့ ဟိုက ကျော်တက်လာ၊ ဒီက ကျော်တက်လာ။ ကျော်တက်၊ ဖြတ်တက် အလုအယက်တွေနဲ့ ရုပ်ပျက်ဆင်းပျက်ကြီး လုပြီး လှူနေကြတယ်။ ကြည့်လို့ မကောင်းတော့ဘူး။ စိတ်အေးအေးလေးထားပြီး သတိနဲ့ အသိနဲ့ လှူရမည့်အစား သတိမဲ့ အသိမဲ့ အလုအယက် ဖြစ်နေကြတယ်။

အဲဒီလောက် ပရိသတ်တွေများတာ ရိုက်စားလုပ်စားတွေက လုပ်ကြတာ။

ကဆုန်လပြည့်နေ့ကျရင် ကိုယ်တော်ကြီး ရွှေမြင်တင်ဘုရားမှာ တရားဟောမှာ သတင်းလွှင့်လိုက်ရော . . .

နောက်ပြီးတော့ ကဆုန်လပြည့်ကျော် (၃)ရက်နေ့ကြတော့ ကိုယ်တော်ကြီးက ဟောဒီဂူကို ရေစက်ချပေးမှာတဲ့ သတင်းလွှင့်လိုက်ပြန်ရော . . .

အဲဒီတော့ နယ်စုံက ကြွေးတောင်းမယ့်သူတွေ၊ ဈေးကောင်းဝယ်မယ့်သူတွေ စလို့စလို့ လာလိုက်ကြတာ။ ပရိသတ်တွေက မနိုင်မနင်းကြီး ဖြစ်တာပဲလေ။ ဘယ်လိုမှကို မနိုင်မနင်းတော့ဘူး။ အတင်းကြီးပဲ။ အလုရော အယက်ရော ရုံးရင်းဆန်ခတ်ကြီး ဖြစ်နေတော့တယ်။



# ဆွမ်းမကြွမှ လွမ်းကြတော့တယ်

ဒီတော့ . . . လှူတဲ့ဘက်ကလည်း ဘာမှမဖြစ်တော့ဘူး။

တပည့်တော်ကလည်း ဘာမှ မတတ်နိုင်တော့ဘူး။

စိတ်ညစ်လာတယ်။ ထင်သလောက် အကျိုးမရှိဘူးလို့ ယူဆမိလာတယ်။ ဆွမ်းခံရတာလည်း အချိန်က အကြာကြီးပေါ့။

အဲဒါနဲ့ ဆွမ်းခံလို့ ပြီးဆုံးသွားတာနဲ့ ဒီရပ်ရွာကို ပြောလိုက်တယ်။ တို့ မနက်ဖြန် ဆွမ်းခံမထွက်တော့ဘူး။

ခင်ဗျားတို့ လောင်းလှူတဲ့ဘက်ကလည်း ဘာကုသိုလ်မှ မရဘူး။ ဒီတော့ မနက်ဖြန် ဆွမ်းခံမကြွတော့ဘူးလို့ ပြောလိုက်တယ်။ အဲဒါနဲ့ ဂူကို ပြန်ကြွခဲ့တယ် ပေါ့လေ။

www.burmeseclassic.com

အဲဒီမှာပင် ခုနကပြောတဲ့ သုံးချောင်းထောက် မြို့နယ်မှူးကြီးတို့သုံးယောက် ကျောင်းပေါ်တက်လာပြီး ဆွမ်းခံကြွဖို့ လျှောက်ကြတာကိုဗျာ။ သူတို့ အစည်းအဝေး ထိုင်ပြီး စည်းကမ်းရှိအောင် ကြပ်မတ်ပေးပါမည်ဟု လာလျှောက်ကြတယ်။

အရှင်ဘုရား လာပြီး မကြည့်လို့ဗျာ။

ဆွမ်းခံတဲ့နေရာမှာ ရဲတွေရော၊ မီးသတ်တွေရော ဗျာ။ ဒီအထဲမှာ ကြက်ခြေနီတွေလည်း ပါသေးဗျာ။ အရှင်ဘုရား ယခုတောင် ကျောင်းထိပ်နားမှာ တွေ့ခဲ့မှာပါဗျာ၊ မိန့်တော်မူ၏။

ဆရာတော်ဘုရား ဒီလိုဆိုရင် နတ်တလူက မင်းဘိသိက်ခံ ဘုရားထီးတင်ပွဲလို ပရိသတ်ကြီးက များနေမှာပေါ့ဘုရားဟု လျှောက်တော့၊ ဦးဇောဓိရေ အဲဒီအတိုင်းချည်းကို ဖြစ်နေတာ။ ထီးတင်ပွဲက ဒီထက် ပရိသတ်များတယ်ဆိုပေမယ့် တစ်ရက် နှစ်ရက်ဆို ပြီးသွားတာပဲ။ ဒီမှာကတော့ နေ့စဉ်ပဲကိုဗျာ့။



# နေလို့မကောင်းလို့ ရွှေ့ဖို့ ပြောင်းဖို့

ဦးဇောဓိရေ ဒီမှာက ရှုပ်လို့ပဲဗျာ။ ဘယ်လိုမှ နေလို့ မကောင်းဘူးဗျာ့။ ဒီအတိုင်းချည်း ရေရှည်နေလို့ မကောင်းဘူး။

ဆရာတော်ဘုရားရဲ့ ကျန်းမာရေးကလည်း ရှိပါသေးတယ်ဘုရား။ ကျန်းမာ ချမ်းသာစွာဖြင့် နှစ်ပေါင်းများစွာ သာသနာပြုတော်မူပါအုံးဘုရားဟု လျှောက်လိုက်၏။

ဆရာတော်က တပည့်တော်ရဲ့ ကျန်းမာရေးရှိသလို၊ သူတို့ရဲ့ စားသောက်နေထိုင်ရေး၊ စီးပွားရေး တွေလည်း ရှိသေးတယ်လေ။

www.burmeseclassic.com

ပရိသတ်တွေက ငြိုကပြုကျလာကြတော့ သူတို့လည်း အလုပ်ပျက်၊ အရှုပ်ဖက်ပေါ့။ သူတို့တစ်တွေလည်း ထွန်ချိန်တန် ထွန်ရမှာပေါ့၊ စိုက်ချိန်တန် စိုက်ရမှာပေါ့။ ဒီအတိုင်းချည်း ဘယ်တတ်နိုင်မှာလဲ။ သူတို့ဘက်လည်း ကြည့်ရပါသေးတယ်ဟု မိန့်တော်မူ၏။

ဦးဖောဓိလည်း သူတော်ကောင်းကြီးမည်သည် မိမိအတွက် ပဓာနမထားဘဲ သူများအတွက် ပျက်စီးသွားမှာ ရှောင်ကွင်းသလို၊ သူများအတွက် ကောင်းကျိုးချမ်းသာ ဖြစ်စေခြင်းကို သဘောပေါက်၍ ပြုံးနေရတော့၏။

ဆရာတော်အား အခြားလျှောက်စရာ လျှောက်တော့ အာရုံရှိပါတယ်ဟု မိန့်တော်မူသည်။ တပည့်တော် အချင်မိသွားတာပါ လျှောက်တော့ ဩော် . . . ဦးဖောဓိရဲ့ မယုတ်မလွန်လေးပေါ့။

> အောင်ဆုပန်ထီဆိုင်က ကြေညာသလိုလေးပေါ့
> ဦးဖောဓိရဲ့။ စကားအလွန်အကျွံ မပြောကြနဲ့
> (မယုတ်မလွန်လေးပေါ့)နော်။ သူ့အိတ်ထဲမှာ
> အောင်ဆုပန် ထီလက်မှတ်နှစ်စောင် တွေ့တယ်
> ပေါ့။

အခုလည်း ဦးဖောဓိရေ မယုတ်မလွန်လေးပေါ့။



ဒီနေရာက ဒီအတိုင်းဖြစ်နေလို့ တပည့်တော် စိတ်တိုင်းကျ မဆိတ်ငြိမ်ဘူး။ စိတ်တိုင်းကျ မဖြစ်နိုင်ဘူး ဆိုရင် သွားရမှာပဲ။ နေလို့မဖြစ်ဘူး။ ခဏနားရုံလေးပဲ ရမှာလေ။ ရေရှည်တော့ မဟာမြိုင်လို ဆိတ်ငြိမ်လိမ့်မည် မထင်ဘူး။ မဟာမြိုင်လို မဖြစ်နိုင်ဘူး။ တပည့်တော် ကလည်း မဟာမြိုင်လို နေချင်တာလေ။

www.burmeseclassic.com

# မနောလုပ်မှ အဟုတ်ဖြစ်

ဦးဇောတိကြီး မနောနဲ့ အလုပ်လုပ်မှ အကုန်ပြီးတာ။ ပရိသတ်ကို အချိန်ပေးနေရတော့ ဘယ်လိုလုပ်ပြီး မနောနဲ့ တတ်နိုင်တော့မှာလဲ။ ပရိသတ်ကို မနောနဲ့ လုပ်ပေးချင်တာလေ။ ယခုလိုကြီး လာပြီးတော့ ဟီးဟား ဟီးဟား လုပ်နေလို့ ဘာမှ မပေးနိုင်တော့ဘူး။

သူတို့က လူလူချင်းမို့ ဟိုဟာ ဒီဟာလေးတွေ ထွေလီကာလီလေးတွေ လာပြောကြရမှ ကျေနပ်နေကြတာလေ။ အားရကြတာလေ။ ဒီဘက်က ရဟန်းအလုပ်ပျက်၊ ပင်ပန်းတာတွေ ထည့်မတွက်မိကြဘူး။ ဘယ့်နှယ် လုပ်မတုန်း ပရိသတ်အများကြီးနဲ့ တစ်ယောက်တည်းလေ။



လုပ်စေချင်တာက ကိုယ်တိုင် တရားလုပ်ဖို့၊ တရားအားထုတ်ဖို့လေ။ သူတို့က ဖူးရတာ၊ ပြောရတာ၊ လှူရတာလောက်နဲ့ပဲ ကျေနပ်နေကြတယ်။ အဲဒီလောက်ကလေးနှင့် နှစ်သက်နေလို့ကတော့ အကျိုးမများကြဘူးဗျာ့။

ဦးဇောတိရေ . . . ဒီမိုးမိတ်ရောက်တော့ ဟို . . . ရန်ကုန်တွေ၊ မန္တလေးတွေကလည်း ပိုပြီး ဆိုးသေးပဲ။ ရန်ကုန် ရန်ကုန်ဗျာ အကုန်ပါကြတာပဲ။ မဟာမြိုင်တုန်းက မဖူးရတာတွေ့ပေါ့။ အကုန်လုံးပဲ ကြွေးလာတောင်းတော့တာပဲ။ ကိုယ်တော်ကြီးတစ်ပါးတည်း ကြွေးဆပ်နေရတယ်၊ ကြွေးတောင်းတဲ့လူကတော့ မနည်းဘူး ဦးဇောတိ။

ဆရာတော်ဘုရား ရန်ကုန်တွေ အကုန်လာကြတော့ အချင်ဖမ်းရတာ ကောင်းတာပေါ့ဘုရား။ ဟုတ်ဗျာ ဟုတ်ဗျာ။ အကုန်လုံး အချင်တွေချည်းပဲဟု ပြုံးတော်မူလျက်။

www.burmeseclassic.com

## မှာစရာလေးတွေအလီလီ
## လက်လုပ်တောင်ဆီသို့

ထို့နောက် ဆရာတော်ဘုရားကြီးက လက်လုပ်တောင်၏ အတွင်းကိစ္စ၊ သာသနာရေးကိစ္စများကို မိန့်တော်မူ၏။

လက်လုပ်တောင်က လက်နဲ့ပြုလုပ်တဲ့တောင်လေ။ အဲဒီမှာ ရွှေအစစ်နဲ့ ပြုလုပ်ပူဇော်ထားတဲ့ "ရွှေစေတီ" ယခုတောင်အောက် မြေပြင်လည်ပယ်လောက်မှာရှိတယ်။ ဂန္ဓကုဋီက လေးတောင်ပတ်ချာလည်လောက်ပဲရှိတယ်။ နောက်ကျမှ တစ်ဆင့်ပြီးတစ်ဆင့်နဲ့ စေတီအထိ ဖြစ်လာတာ။ အိပ်မက်ထဲမှာ လာပြောတာဗျာ။



နောက်ပြီး အရှင်ဘုရားက ပေါ်ပြူလာထဲမှာ ရေးထားသေးတယ်။ ရွှေနန်းသွင်း စေတီတော်၏ ဘွဲ့တော်က ဆရာတော်ကြီးပေးခဲ့တာတဲ့။ အဲဒီပေါ်ပြူလာဂျာနယ်ကို မဟာမြိုင်က ရှိုးကစ်ထဲမှာ ဂေဇက်ဝင်ထည့်သိမ်းထားတယ်။ အရေးကြီးတာတွေဆို အဲဒီလို သိမ်းထားလိုက်တယ်။

ဒီရွှေနန်းသွင်းက တပည့်တော်ပေးတဲ့ဘွဲ့တော် မဟုတ်ဘူး။ သူတို့က အိပ်မက်ထဲမှာ လာလျှောက်တဲ့ဘွဲ့ပါဗျာ။ အဲဒီအတွင်းမှာ ရှိတာတွေကိုလည်း ပြသွားသေးတယ်ဗျာ။ ပြီးတော့ တောင်ပိုင်ကြီးက သိုက်ဆရာကြီး မဟုတ်ဘူး။ လက်လုပ်တောင်ကို ညတွင်းချင်း အပြီးတည်သွားတဲ့ အကြီးမှူး ဗိုလ်မှူးကြီးဗျာ။ အဲဒီတောင်ပိုင်ဗိုလ်မှူးကြီးက တိကျတယ်နော်၊ အမှားမခံဘူး။ မှားလို့ကတော့ ခံသွားရမည်။ သူ့မျက်နှာက ကြည့်တော့ ပြုံးပြုံးနဲ့ဗျာ။

ပျဉ်းမနားမြို့က ဦးမူကြီးကို မြင်ဖူးတယ် မဟုတ်လား။ အဲဒီ ဦးမူရဲ့မျက်နှာနဲ့ တော်တော်တူပါတယ်။ နေတာကတော့ ပြုံးပြုံးပဲ နေတတ်တယ်။

ထို့နောက် ဆရာတော်ဘုရား လက်လုပ်တောင်မှာ တပ်ချုပ်ကြီးနှင့် တပ်မိသားစုများ၊ အလှူရှင်များအား စေတီ

www.burmeseclassic.com

တော်ကို ပြုပြင်မွမ်းမံခြင်း၊ ရင်ပြင်ခင်းခြင်း၊ တောင်ကို တံတိုင်းခတ်ခြင်း၊ ရွှေထီးတော် တင်လှူခြင်းများ ပြုလုပ် ပူဇော်ကြပါသည်ဘုရား။ ကျောင်းတော်ရာကုန်းကိုလည်း ကိုနေဝင်း "ကင်း" မိသားစုများက အုတ်တံတိုင်းကို လိပ်သည်းကျောက်ကြီးများဖြင့် ကာရံပေးပါသည်။

ဟုတ်လေ . . . ကျောင်းတော်ရာက မင်းတုန်း မင်းကြီးရဲ့ မြေတွေ ပျောက်ပျက်မှာစိုးလို့ တံတိုင်းကာရံ ခိုင်းတာပါ။

ဦးဇောဓိ ထီးတင်တာတွေ၊ တောင်ပြုပြင်တာတွေ၊ ရင်ပြင်တွေ၊ တံတိုင်းတွေ အားလုံးတို့ကို ပျဉ်းမနားအဖွဲ့က ကပ်ခဲ့လို့ ဓာတ်ပုံတွေ ကြည့်ရတယ်ဗျာ့။ ကောင်းပါတယ် ဗျာ့။

တပို့တွဲလပြည့်နေ့မှာ သံဃာတော်များ ဆွမ်း ဆန်စိမ်း လောင်းလှူပွဲမှာတော့ နေပြည်တော်တိုင်း အတွင်းရှိ တပ်မိသားစုတွေနှင့် တိုင်းမှူးမိသားစုတွေ၊ နယ်မြေခံ ဒကာ ဒကာမတွေ၊ အလှူ့ရှင် စေတနာရှင်တွေ၊ ရန်ကုန် ဒကာ ဒကာမတွေ ပူးပေါင်းပြီး လောင်းလှူကြ ပါတယ်။ သံဃာတော်တစ်ပါးအတွက် အိတ်သုံးလေးလုံး ကွဲကြပါတယ်။ ပီတိတွေ ဖြစ်ကြရပါတယ်။



ဦးဇောဓိကြီး အဲဒီထဲမှာတော့ ဖွားသီလတွေက ပို့ပြီး ပြုံးနေကြတာ တွေ့ရတယ်။ ပီတိတွေ ဖြစ်နေကြတယ်။ ကောင်းပါ့ဗျာ။

နောက်ပြီးတော့ တောင်ရဲ့အနောက်ဘက်က မန်ကျည်းပင်ကိုလည်း တောင်ပိုင်ကြီးက အထိမခံဘူးတဲ့။ သူ့အသက်နဲ့ လဲပြီး ကာကွယ်သွားမည်တဲ့။ သွားမထိကြနဲ့ ဖြစ်နိုင်ရင် ပလ္လင်ကို အုတ်တံတိုင်းဝိုင်းထားလိုက်ပါ။ ဒါမှ နောင်လာ နောင်သားတွေ တံတိုင်းအကာအရံတွေ့ရင် တစ်ခုခုပဲဆိုပြီး မလုပ်မိအောင်ပေါ့လေ။ မသိလို့ လုပ်မိ ကြရင် ဒုက္ခရောက်ကုန်မည်နော်။

နောက်ပြီး ရွှေနန်းသွင်းစေတီတော်ရဲ့ မြောက်ဘက် လှေကားက အရင်က မတည့်ဘူး။ ယခုမှ တည့်သွားတာ။ အရင်ကအတိုင်းသာ တည့်တည့်ယူလျှင် ဓမ္မမဏ္ဍိုင် အနီးအနား ကပ်သွားလိမ့်မယ်၊ ဆွမ်းစားကျောင်းလည်း ကပ်သွားလိမ့်မည်။

ရွှေနန်းသွင်းစေတီတော် ရွှေထီးတော်တင်လှူပွဲ တုန်းက တပ်ချုပ်ကြီးရဲ့ ကျေးဇူးကြောင့် ဗိုလ်ချုပ်ကြီးတွေ၊ ဗိုလ်ချုပ်တွေ၊ တိုင်းမှူးတွေ၊ အားလုံးလိုလို လာရောက်ကြ ပါတယ်။ ဦးဇောဓိကြီး သူ့နေရာက အဲဒီလိုကြီးဖြစ်ရ

www.burmeseclassic.com

မှာလေ။ ထီးတင်မည့်ညကတော့ တစ်ညလုံး မိုးရွာတာ မနက်ကျတော့ တောင်ပတ်ချာလည် ရေတွေလျှံနေတော့ တာပါပဲဘုရား။

တပည့်တော်က တပ်ချုပ်ကြီးနှင့်တကွ အားလုံးကို ဆရာတော်ကြီးရဲ့ကိုယ်စား ဝမ်းမြောက်ကြောင်း၊ ကျေးဇူးတင်ကြောင်း၊ ကုသိုလ်အားလုံးကို သာစုခေါ်ကြောင်းများနှင့် ဆရာတော်ကြီးကို ဖူးတွေ့ရသည့်အခါ အကြောင်းစုံလျှောက်ထားပေးပါမည့်အကြောင်းများ ပြောလိုက်ပါသေးတယ်ဘုရား။ ကောင်းပါဗျာ့ ကောင်းပါဗျာ့ဟု ပြုံးရွှင်လျက်ပင်။

ထို့နောက် ရွှေထီးတော်တင်တဲ့ညက တပည့်တော် တစ်ညလုံးလိုလို အလုပ်လုပ်ပါတယ်။ ဒါပေမဲ့ မှေးကနဲ အချိန်ကလေးမှာ အသံတစ်ခု ကြားလိုက်ရပါတယ်။

**အချိန်တန်လျှင် လာရောက်**

**အချိန်ကျရောက်လျှင် ပြီးမြောက်**

**ထဲ့ဖို့ အဓိဋ္ဌာန်ပေါက်ရောက်တာ ...**

ဟု ကြားရပါတယ်လျှောက်တော့ အကြောင်းရှိလို့ပါဘုရား။ အရှင်ဘုရားလည်း သိပါလိမ့်မည်ဟူ၍သာ။



# ရှုကွက်တွင်းက မြင်ကွင်း

ထို့နောက် ဆရာတော်ကြီးထံတွင် မိမိရှုကွက်၊ ရှုချက်၊ တွေ့မြင်ချက်တွေကို လျှောက်ထားတော့ ဆရာတော်ကား အပြုံးမပျက် မျက်လွှာချလျက်က နားစိုက်ထောင်ရင်း အင်း . . . အင်းများ လိုက်ပေးတော်မူ၏။

မိမိလာရင်းကလည်း တရားလျှောက်လိုခြင်းက အဓိက။ မိမိရရ မေတ္တာထာဝရဖြင့် ရှင်းပြတော်မူ၏။ အဓိကကျသည့်အချက်တွေရောက် အသံကလည်း တိုးတိုးလေးဖြင့် လက်အုပ်ပင် ချီတော်မူသေး၏။ မြတ်ဗုဒ္ဓ၏ မမွေတွေကို ဂါရဝပြုနေခြင်းပင်။

ဆရာတော်သည် နားစိုက်တော်မူပြီးနောက် မျက်စိအချက်ဖွင့်လျက် လေးနက်သော အသံတော်ဖြင့်

ကွက်ကွက်ကွင်းကွင်း ဉာဏ်မြင်ရှင်းအောင် မိန့်ကြားတော်မူ၏။

ထို့နောက် ရုပ်နာမ်ဖြစ်ပျက်များ အမြင်ကြမ်းရာမှ တဖြည်းဖြည်း သိမ်မွေ့သွားပုံများ၊ သမာဓိအားကောင်းလျှင် ကောင်းသလောက် နူးညံ့သိမ်မွေ့သွားရပုံများ အဆင့်ဆင့် မိန့်တော်မူ၏။

အရှင်ဘုရားရဲ့ . . .
ပွားပို့မှု သတိနှင့်
အောက်မေ့မှု သတိပေါ့

စာလိုကတော့ ဝိတက် ဝိစာရလို့ ဆိုရလိမ့်မည်။

ရှုကွက် ရုပ်နာမ်ဖြစ်ပျက်မှာ အမှတ်ဝင်နိုင်ရင် ဝင်၊ မဝင်နိုင်ရင်တော့ ကပ်သိတာလေးနဲ့ပင် သိရုံလေးနဲ့ သိနေရမှာ။ အသိမျက်ခြေမပြတ်နဲ့။ အဲဒီ အသိမျက်ခြေ မပြတ်လျှင် သိရုံလေးသိတဲ့ အသိပင်လျှင် နူးညံ့လာပြီး အဲဒီကလည်း ချုပ်နိုင်တယ်နော်။ ဒါမှမဟုတ် ရှေ့မကျော်နိုင်ရင်လည်း နောက်ပြန်ကျပြီး ရုပ်နာမ်ဖြစ်ပျက် ပြန်မြင်ရတယ်။ အဲဒီလို ဖြစ်လာရင်လည်း အားမလျှော့ရဘူး။ ရှေ့သို့ ရှေ့သို့။



# စန်းပြတ်လဂ်ပြတ် နန်းကပ်လိမ့်

ဆရာတော် နတ်တလူမှာ တစ်ခါ မိန့်ဖူးတာရှိပါတယ်။

ရုပ်နာမ်ဖြစ်ပျက် ရှုနေရင်းက ရှုဉာဏ်က နူးညံ့သွားလိုက်၊ ကြမ်းလာလိုက်၊ တက်သွားလိုက်၊ ကျသွားလိုက် ဖြစ်နေရင် ဒါ. . . ပါရမီမပါလို့ ဖြစ်ရတာဟု ယူဆတတ်တယ်။ တကယ်တော့ ပညာနဲ့ သမာဓိ ကပ်ပြီး မလိုက်လို့ ဖြစ်ရတာ။

ဖြစ်ပျက်မြင်တဲ့နောက်က ရှေ့ကသွားရင် တည်ငြိမ်တဲ့ သမာဓိက နောက်က ကပ်ပါရတယ်။ သမာဓိက ရှေ့ကသွားရင် ပညာက နောက်က ကပ်ပါရတယ်လို့ မိန့်ဖူးပါတယ်။

ဦးဘောဓိ ဟုတ်တယ်၊ အဲဒီအတိုင်းပဲနော်။

www.burmeseclassic.com

အဲဒီလိုဖြစ်ပျက်တွေ သိမ်မွေ့သွားရင်၊ နူးညံ့သွားရင် စိတ်ရှည်ရမယ်နော်၊ ဇွဲရှိရမယ်နော်၊ အသိမလွတ်စေနဲ့နော်။

တစ်ခါလာလည်း ဒီဖြစ်ပျက်ချည်းပဲ၊ တစ်ခါလာလည်း ဒီဖြစ်ပျက်ချည်းပဲလို့ စိတ်ဓာတ်မကျနဲ့နော်။ စိတ်ဓာတ်လည်း မတက်နဲ့နော်။

တပည့်တော် ပြောနေကျစကားနဲ့ဆိုရင် . . . အဲဒီနေရာဟာ စန်းပြတ် လင်ပြတ်နေရာပဲနော်။ အမှတ်ဝင်လို့ မရတော့ဘူး။ အသိလေးနဲ့ပင် သွားရတဲ့နေရာပဲ။ နိဗ္ဗာန် အတားအဆီးငုတ်သွားတဲ့ မနေရာ နေရာ အမှတ်ဝင်လို့ မရတော့ဘူး။ အသိလေး သုံးရတယ်၊ အလွန်နူးညံ့နေပြီလေ။

အမှတ်ကတော့ တစ်ခါတလေ ရုပ်နာမ်ဖြစ်ပျက် ခပ်ကြမ်းကြမ်းလေးဖြစ်လာမှ တဖန် ပြန်ပြီးမှတ်ရတာ။ ဒါမှမဟုတ် နေရာက အသိလေးနဲ့ သွားနေရတဲ့နေရာပဲ ဆိုတာ သေချာမှတ်ထား။

ဒီနေရာက စိတ်ရှည်ရတယ်နော်။ စန်းပြတ် လင်ပြတ်နေရာဗျာ့။ စိတ်ရှည်နိုင်မှ တော်ရုံကျတာ။ စိတ်ရှည်နိုင်မှ အောင်မြင်တာ။ အဲဒါ အရှင်ဘုရား



စိတ်ရှည်ရှည်ထားပြီးတော့ ပြတ်အောင် မှတ်ပါဗျာ။ နောက်ထပ်လည်း ဒီအတိုင်း ဒီအတိုင်းပဲနော်။

ဦးတောမိရေ တပည့်တော်လည်း မဟာစည်တုန်းက အဲဒီလိုပဲ တက်လိုက် ကျလိုက်နဲ့ဗျာ့။ အဲဒီအခါ ဆရာတော် ဦးပဏ္ဍိတက အမိန့်ရှိမှ သိရတာ။ တစ်ယောက်ချင်းတော့ တည့်တည့်သိပ်မပြောဘူး။ အများနဲ့ တရားဟောတဲ့အထဲ ထည့်ဟောတာဗျာ့။

ဦးတောမိ ဒီရှုကွက်မှာ အသိကလေးက အရေးကြီးတယ်နော်။ လမ်းပေါ်တက်သွားရင်းနဲ့ တဖြည်းဖြည်း နူးညံ့နူးညံ့သွားတာနော်။ လမ်းပေါ်မရောက်ခင်လေးသာ တင်ပေးရတာဗျာ့။ အဲဒီနေရာ မှတ်နိုင်မှတ်၊ မမှတ်နိုင်ရင် သိရုံလေး သိရုံလေးပဲနော်။ အဲဒါလေးက ရှေ့လည်း သုံးရမှာနော်။

★ ဝိတက်က အတွေးကို မြှုပ်ပေးတဲ့တာဝန်။

★ ဝိစာရက အတွေ့ကို ဖော်ထုတ်ပေးတဲ့တာဝန်။

အဲဒီ ဝိစာရအားကောင်းမှ ပြီးမှာနော်။ ဝိတက်က အပြင်လူလေ။ အပြင်ကို ကာကွယ်ပေးတာလေ။

ဝိစာရက အတွင်းလူ၊ အတွင်းသိ။ အတွင်းရိုက် သမားကောင်းမှ ပြည့်စုံမှာ။ အတွင်းသိ၊ အစင်းသိပေါ့။

www.burmeseclassic.com

အဲဒါလေး နာနာမှတ်ပါ။ အဲဒီအသိရတနာလေးတွေ သိမ်းထားရတယ်နော်။ ပျောက်မသွားရဘူးနော်။

ဦးဇောဓိက ဆရာတော်ရှင်းပြတာ သဘောပေါက်လွယ်ပါတယ်ဘုရား၊ အပူတောထဲက အမောတကော ပြေးလာရင်း စမ်းရေအိုင်ထဲ ဖင်ထိုင်ချလိုက်ရသလိုပဲ ဆိုတာ ရှင်းပါတယ်ဘုရား လျှောက်တော့ ဆရာတော်က ပြုံးရွှင်စွာဖြင့် အဲဒီဥပမာကို ရှင်းပြတော်မူပြန်သည်။



## နွမ်းခွေတာနဲ့ စမ်းရေဥပမာ

ဟို . . . နေပူကျဲတဲကြီးထဲမှာ အထက်ပူ အောက်ပူနဲ့ နောက်က ရန်သူတွေက ဒလကြမ်းလိုက်နေတဲ့အချိန် အမောတကောနဲ့ ပြေးလာရင်း စမ်းချောင်းကလေးလည်း တွေ့လေရာ စမ်းရေကလေးနဲ့ ရွှံ့ပျစ်ပျစ်ကလေးထဲမှာ စိတ်ချလက်ချ စိတ်အေးလက်အေး ဖင်ထိုင်ချလိုက်ရသလို အပူတွေကင်းပြီး အေးချမ်းသွားတာမျိုးပဲ။ ကိလေသာ အပူကင်းသွားချိန်လေးပေါ့။ အဲဒါ သူဟာသူဖြစ်မှာနော်။ ကိုယ်က အားထုတ်နေဖို့ကသာ အဓိကပဲဗျာ့ဟု မိန့်တော်မူပါတယ်။

www.burmeseclassic.com

# ရဟန်းအလုပ် နောက်မဆုတ်နဲ့

ကိလေသေ ဘိန္ဒဟီတိ ဘိက္ခု။

ကိလေသာတို့ကို သတ်ဖြတ် ဖျက်ဆီးပစ်နေတာ ရဟန်းမဟုတ်လား။ ရဟန်းဆိုတာ တရားရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အားထုတ်ရမှာဖြစ်တယ်။ ကိလေသာ ဖျက်ဆီးတဲ့အလုပ် လုပ်နေရမှာဖြစ်တယ်။

တရားရတာ မရတာ ကိုယ်နှင့်မဆိုင်ဘူး၊ သူ့တာဝန်ပဲ။ ကိုယ့်တာဝန်က လုပ်နေဖို့သာလိုပါတယ်။ အားထုတ်နေဖို့သာ လိုပါတယ်။

ကိုယ်က ရှေ့တန်းတက်တိုက်တဲ့ စစ်သားတစ်ယောက်လိုပဲ။ ငါပင်ပန်းတယ်၊ ငါဆာတယ်၊ ငါနေမကောင်းလို့ ဟူ၍ နားနေလို့ မရဘူး။ နားနေလို့ကတော့ ရန်သူ့လက်တွင်း ရောက်သွားရမှာ။ ဒီတော့ မပြတ်သာ အားထုတ်နေဖို့က အဓိကဖြစ်တယ်။



# မီးများ မီးနိုင်၊ ရေများ ရေနိုင်

ဆရာတော်ဘုရား သတိတရားဖြင့် တိုက်နေရတာ ဖြစ်လို့ ကိုယ့်ဖက်က တိုက်အားကောင်းရင် တိုက်အားကနိုင်။ ရန်သူက အားကောင်းလျှင် ရန်သူကနိုင်။ **"မီးများ မီးနိုင်၊ ရေများ ရေနိုင်"** ဆိုသလိုပါပဲလားဘုရား။

ဦးဇောတိ အဲဒီအတိုင်းပဲ ကိုယ်က ရေများဖို့ အရေးအကြီးဆုံးပဲ။ ကိုယ့်ရေကများမှ မီးကို နိုင်မှာလေ။ မီးက မနားဘူး။ ဘယ်အချိန်မှ မနားဘူး။ ကိုယ်ကနားရင် မီးက နိုင်သွားမှာပဲ။

နောက်ပြီးတော့ ဓာတ်လေးပါးက ဘယ်အချိန်မှ နားမှာတုန်း၊ မနားဘူး။ မိဘနှစ်ပါး မွေးလာပြီးတည်းက မသေမချင်း မီးဘက်က အားကောင်းနေတာလေ။

www.burmeseclassic.com

သူတို့ကို တိုက်ရတာက ပတ်ချာလည်ပဲ။ သွေးထဲမှာ ညဉ်တွေ၊ စရိုက်တွေ၊ ဝါသနာတွေ ဘဝအဆက်ဆက်က ပါလာတဲ့ အဲဒီ ညဉ်စရိုက်တွေကလည်း သွေးထိုးနေမှာလေ။ ဘဝတိုင်းက ပါလာတာဆိုတော့ နည်းမလား။ အဲဒီတော့ မီးဘက်ကတော့ နိုင်တယ်ဗျာ့။ ကိုယ့်ဘက်က ရေများဖို့သာ လိုတာဗျာ့။

ဒီတော့ လုပ်ချင်ရာလုပ် အတွေးမဝင်အောင်လုပ်။

ရဟန်းဖြစ်တော့လည်း အလုပ်ကင်းလို့မရဘူး။ ရဟန်းအလုပ်တွေ လုပ်နေရမှာပဲ။ လူဖြစ်တော့လည်း လူ့အလုပ်တွေ လုပ်နေရမှာပဲ။ အများကြီးပဲ လုပ်ချင်ရာလုပ်၊ အမှတ်မလွတ်ဖို့သာ လိုတာ။ ကိုယ့်အလုပ်ကတော့ သွားနေရမှာ။ ရေနိုင်ဖို့လိုတယ်။ ရေများရင် မီးသေသွားတာပေါ့လေ။ မီးသေအောင် ကြိုးစားရပါတယ်။



# တကယ်လုပ် အဟုတ်ဖြစ်

တရားအရှိ သဘာဝသတ္တိကို အဟုတ်သိလိုပါလျှင်. . .

★ သဒ္ဓါ - ယုံကြည်ချက်ပြင်းထန်ခြင်း။

★ ဆန္ဒ - အားထုတ်လိုမှု ဆန္ဒအား ကြီးမားခြင်း။

★ ဝီရိယ - အားထုတ်ရာ၌ ရဲတင်းခြင်း။

ထိုသုံးချက်တို့ဖြင့် ခန္ဓာဖြစ်ပျက်မှု အမြဲကြည့်ရှုစစ်ဆေးရမည်။

မိမိခန္ဓာဖြစ်စဉ်ကို ရှုမှတ်စစ်ဆေးရာမှာပင် . . .

သမာဓိဉာဏ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များက သူ့သဘာဝ သူ့ပြသလျက်က ရှင်းပင်းပြလိမ့်မည်။

www.burmeseclassic.com

★ အဟုတ်လိုချင်ရမှာက - တရား
★ တကယ်အားထုတ်ရမှာက - ခန္ဓာဖြစ်စဉ်
★ အဟုတ်သိမြင်လာမှာက - ဉာဏ်

ထိုသုံးတန်တို့တွင် ကွင်းဆက် အတွင်းပန္နက်ရိုက်ချရမည်မှာ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယ သုံးမျိုးတို့ကို အဓိကထားခြင်းပင်။

ထိုသုံးချက် နေ့စဉ်ပြည့်စုံသော် မဖြစ်ဆိုသောအရာမရှိ။

ထိုမဖြစ်ဆိုသောအရာကို ထိုသုံးချက်တို့က ထိုးဖျက်ချေမွ ပစ်ထားခဲ့ကြသောကြောင့်တည်း။



# ဂူအတွင်းမှ ပြန်ဆင်းခဲ့

နေ့လယ် တစ်နာရီဝန်းကျင်တွင် ဆရာတော်ကြီးထံမှ ဆင်းခဲ့၏။ ဆရာတော်က နားလိုပါက ဟိုကျောက်ဂူကလေးမှာ အနားယူရန် မိန့်တော်မူ၏။ သို့သော်လည်း ဆရာတော်ကြီးမှာ ကျန်းမာလာစမှာပင် နှစ်နာရီကျော်ကြာအောင် ဆုံးမလမ်းပြပေးသည်များကိုပင် အားနာလှပါပြီ။

သို့သော် တရားဟောကြသည့်အခါများတွင်မူ မျက်နှာတော် ပြုံးတော်မူလျက် ကျေနပ်စွာ ရှင်းပြတော်မူ၏။ ဒီမြင်ကွင်းတွေ ဖူးမြင်ရတော့ ဆရာတော်ကြီး သာဝကတွေ ဖူးမြော်ခြင်းထက် တရားဟောကြားခြင်းက ဆရာတော် အားရတော်မူမည်သာ၊ တရားဖြင့် ပူဇော်ခြင်းလည်းမည်သာ။

www.burmeseclassic.com

မိမိတို့ ကြည်ညိုလှပါတယ်ဆိုသော ဆရာတော်ကြီး၏ အလိုဆန္ဒကို ဖြည့်ချင်ကြပါတယ်ဆိုရင် ကိုယ်တိုင်တရားအားထုတ်ပါ။ ဆရာတော်ရဲ့ဆန္ဒက တရားအားထုတ်စေခြင်းသာ။ တရားအားထုတ်နေပါက ဆရာတော်ကို ဖူးမြင်နေရမှာ ဖြစ်ပါသည်။

ဦးဗောဓိတို့အား ဦးကျော်ဌေး (နတ်တလူ)က ကားထိအောင် အရောက်ပို့ပေး၏။ ကားစီးပြီး အတွေးကိုယ်စီဖြင့် ပြန်ခဲ့ကြသည်။



# ထူးခြားလို့ ဖူးအားပို့ခဲ့သူ

မိုးမိတ်မြို့ မပဒန်ဂူမှ ပြန်ဆင်းခဲ့ရာ မိုးကုတ်မြို့အဝင် ဈေးပွိုင့်သို့ နေ့လယ် (၃)နာရီတွင် ရောက်ပါသည်။ ထိုနေရာတွင် ခေတ္တနားရင်း မိုးကုတ်မြို့ရဲ့ အလှကို အပေါ်မှ လှမ်းကြည့်နေခဲ့၏။ မေတ္တာပို့ခဲ့သည်။

ထိုအချိန်မှာ အသက် (၆၀)ကျော်ဝန်းကျင်ရှိ ဂေါ်ရခါး အဖိုးကြီးလင်မယားတို့က ဦးဗောဓိကို လာပြီးကန်တော့ကြ၏။ ဘယ်သွားကြတာလဲမေးတော့ မိုးမိတ်က မဟာဗောဓိမြိုင်ဆရာတော်ကြီးကို ဖူးမြော်ရင်း ဆွမ်းလောင်းပြီး ပြန်ခဲ့တာ။

ဆရာတော်ကြီးက ဘာထူးလို့လဲမေးတော့ . . .

အဖွားကြီးက တကယ်ကို ထူးခြားတဲ့ ဆရာတော်ကြီးပါ။ ထူးခြားမှန်းတော့ သိပါတယ်။ ပြောတော့မပြော

www.burmeseclassic.com

တတ်ဘူး။ ဟင် . . . ပြောမပြတတ်အောင် ထူးခြား ပါတယ်ဘုရား။

ယခု ၂၀၁၂ခုနှစ်၊ ဧပြီလ (၁)ရက်နေ့က တပည့်တော်ရဲ့ မိတ်ဆွေတစ်ယောက်က မဟာမြိုင်တောကြီးထဲက မဟာဗောဓိမြိုင်ဆရာတော်ကြီးကို ဖူးပြီးပြန်လာတော့ ဗီဒီယို စီဒီပြားတစ်ခု လာပေးတယ်။ နောက်ပြီးတော့ ဆရာတော်ကြီးရဲ့ အကြောင်းတွေလည်း ပြောပြတယ်။ သာသနာပြု မဟာခရီးသည်စာအုပ်လည်း တစ်အုပ်ပါလာတယ်။ ဆရာတော်ကြီးအကြောင်း စာအုပ်တဲ့။ သူဖတ်ပြီးရင် ခေတ္တယူဖတ်တဲ့။

သူပြောပြတဲ့ ဆရာတော်ကြီးအကြောင်းနှင့် ဒီစီဖွင့်ကြည့်တော့ ကြည်ညိုလိုက်ရတာ ခုချက်ချင်းပဲ ပြေးဖူးလိုက်ချင်တာ။ အားမလို အားမရဖြစ်နေတော့သည်။ သူလည်း ပြောထားတယ်။ မဟာမြိုင်သွားမည့်သူရှိရင် ပြောပါ။ သူတို့ လိုက်ပြီး ဆရာတော်ကြီးကို ဖူးချင်လို့ပါ။

တပည့်တော်မရဲ့ မိတ်ဆွေ သူငယ်ချင်းပေါ့။ သူက သွားမည့်သူရှိရင် ပြောပါ့မယ်။ သူလည်း ထပ်ပြီး ဖူးချင်သေးလို့ လိုက်နိုင်အောင် ကြိုးစားမည်တဲ့။

ဒကာမကြီးတို့က ဘယ်ကလဲမေးတော့ . . .



တပည့်တော်မတို့က ဒီမိုးကုတ်ကပဲ။ မိတ်ဆွေ သူငယ်ချင်းကလည်း မိုးကုတ်ကပဲ။ တစ်ရပ်ကွက်ထဲပါ။

မဟာဗောဓိမြိုင်ဆရာတော်ကြီး စီဒီထဲက ဖူးရတာ မကျေနပ်၊ ကိုယ်တိုင်သွားရောက်ဖူးဖို့ ကြိုးစားနေချိန်ပေါ့။ တစ်ပတ်အတွင်းမှာပင် မိတ်ဆွေ သူငယ်ချင်းက အကြောင်းကြားလာတော့၏။

မဟာဗောဓိမြိုင်ဆရာတော်ကြီး မိုးမိတ်သို့ ကြွလာတော်မူနေသည်။ သွားဖူးရအောင်တဲ့။ သူငယ်ချင်းလည်း အံ့သြတုန်လှုပ်သောအသံဖြင့် လာပြော၏။ တပည့်တော်တို့လည်း ဝမ်းသာလွန်းလို့ စိတ်ဂနာမငြိမ်ဖြစ်သွားရတယ်။ တကယ်ရော ဆရာတော်ကြီး ဟုတ်ရဲ့လား၊ ကောလာဟလများ ဖြစ်နေမလား မေးလိုက်ရတယ်။

သူငယ်ချင်းကလည်း ဟုတ်တယ်၊ သူတောင် သတင်းကြားခါစက မယုံမိဘူးတဲ့။ သူပြန်လာတာမှ ရက်ပိုင်းပဲ ရှိသေးတာတဲ့။ အဲဒါနဲ့ပဲ မိုးမိတ်က မိတ်ဆွေကို ဖုန်းဖြင့် လှမ်းဆက်ပြီး သွားရောက်လေ့လာခိုင်းလိုက်တာတဲ့။ မိုးမိတ်က မိတ်ဆွေ ဖုန်းပြန်ဆက်တယ်။ မဟာဗောဓိမြိုင်ဆရာတော်ကြီး တကယ်ဟုတ်ပါတယ်တဲ့။ ဓာတ်ပုံနဲ့လည်း တိုက်ကြည့်ပြီးပြီတဲ့။ အနီးက သူတွေ

www.burmeseclassic.com

ကလည်း ပြောတယ်။ ဟုတ်ပါတယ်တဲ့။ တစ်ပါးတည်း ကြွလာတော်မူတာတဲ့။

တပည့်တော်တို့လည်း ဖူးချင်တဲ့ဆန္ဒက ပြင်းပြတာနဲ့ ကြားကြားချင်း ညနေ (၄)နာရီလောက်မှာ မိုးမိတ်သို့သွား။ မိတ်ဆွေအိမ်မှာအိပ်၊ နောက်နေ့မနက် သွားဖူးတာပါ။



# တစ်သက်နဲ့တစ်ကိုယ် မတွေ့ဖူးဟုဆို

ဆရာတော်ကြီးကို ဓမ္မရတနာကျောင်းမှာ ဖူးရတာပါ။ ဖူးရတော့ ဝမ်းသာပီတိဖြစ်လိုက်တာ၊ တစ်သက်နဲ့ တစ်ကိုယ် ဒီလိုမဖြစ်ဖူးဘူးဘုရား။ ငါတို့လည်း ကံကောင်းလိုက်တာ၊ ကံထူးလိုက်တာ၊ မဟာမြိုင်မသွားရဘဲ ဆရာတော်ကြီးက အနီးအနားသို့ ကြွလာတာနဲ့ပေါ့။

ဦးတေဇိက ဒကာမကြီးတို့ ကန်ကောင်းတယ်ဆိုတာ ကန်သင်း၊ ကန်ဘောင် ကောင်းလို့နော်။ ကန်ဘောင် ကျိုးရင် ကန်ဆိုးသွားတတ်တယ်နော်။ ကန်ဆိုးရင် ရေမကြည်ဘူး။ ရေမကြည်ရင် ကြာမနေဘူး။ ကြာမနေရင် ကြာမဖူးနိုင်ဘူး။ ဒီတော့ ဒကာမကြီးရေ ကြာမနေဘူး၊ ကြာမဖူးနိုင်ဘူးဆိုတာ ကန်မကောင်းလို့၊ ကန်ကောင်းတော့ ကြာနေတယ်၊ ကြာဖူးရတယ်နော်။

www.burmeseclassic.com

တပည့်တော်တို့က အဲဒီလို ကံထူးလို့ဆိုပြီးတော့ မိုးကုတ်ကနေ နှစ်ရက် သုံးရက်တစ်ကြိမ် သွားရောက်ပြီးတော့ ဆွမ်းလောင်းတယ်၊ ဖူးတယ်။ မိုးကုတ်ကနေ နံနက် (၃)နာရီထိုးကတည်းက ဆိုင်ကယ်နဲ့ စပြီးထွက်ရတာ။ ဒါမှ ဆွမ်းလောင်းမီတာ။ ဆိုင်ကယ်နဲ့ တောင်ဆင်းတောင်တက် အကွေ့အကောက်တွေ ဘယ်လိုပဲသွားရသွားရ ဆရာတော်ကြီးကို ဖူးလိုက်ရရင် အေးချမ်းသွားရတယ်။ ပင်ပန်းတယ်လို့ပင် မထင်တော့ဘူး။ မိုးကုတ်က ဆွမ်းလောင်းကြတာကလည်း နေ့တိုင်း နေ့တိုင်း အများကြီးပဲ။ ကားတွေနဲ့၊ ဆိုင်ကယ်တွေနဲ့ပေါ့ဘုရားတဲ့။

တပည့်တော်တို့လည်း ဆုတောင်းပါတယ်။ ဆရာတော်ကြီး ကျန်းမာစွာဖြင့် ဒီမိုးမိတ်မှာ ကြာကြာကြီး သာသနာပြုနိုင်ပါစေ၊ ပြုပါစေတဲ့။ ဂေါရခါးကြီးတို့ ဇနီးမောင်နှံ ဦးဗောဓိကို ကန်တော့ပြီး ဆိုင်ကယ်ဖြင့် ဆင်းသွားတော့၏။ အင်း . . . မိုးမိတ်၊ မိုးကုတ်တို့ ကံထူးသူ သဒ္ဓါအရှုးအမူးလေးတွေတော့ မကြာမီရက်ပိုင်းမှာတော့ဖြင့် . . . ဦးဗောဓိ တွေးနေမိတော့၏။

ဒီကြားထဲ အတွေးက ဝင်လာသေး၏။ ရန်ကုန်၊ ဖျဉ်းမနား၊ သာစည်၊ မန္တလေး၊ ရွှေဘိုတို့က **"တစ်ခါသေဖူး**



**ဖျဉ်ဖိုးနားလည်"** နေကြတော့ ဒီလောက်ဖွင့်ပေးရင် ဆရာတော် ပြောင်းမှာပဲဆိုသော အတွေးများ ရှိကြ၏။ ယခုမှ ဆရာတော်ကို တွေ့ကြရသော မိုးမိတ်တို့ သဒ္ဓါမြူး သဒ္ဓါထူးကလေးတွေ မကြာမီမှာပင် ဝမ်းနည်း ပက်လက်ဖြင့် ကျန်ရစ်ခဲ့ကြရတော့မည်။

★ *သဒ္ဓါမိုးကို မိတ်ဆွေဖွဲ့တဲ့ မိုးမိတ်တွေ သောကမိုးကို မိတ်ဆွေဖွဲ့ရမည်ကား မသိရှာကြချေ။*

★ *ဆွမ်းလောင်းရာနယ်မြေ ပီတိဝေတဲ့နေရာမှာ ဆွမ်းပေါင်းကိုင်ကာ မျက်ရည်ဝေမှာ မသိရှာကြချေ။*

★ *ဆွမ်းလေးတွေ ကိုယ်စီကိုင် မရယ်နိုင်တော့ပြီ။ မျက်ရည်လေးတွေ ကိုယ်စီ ကျန်ရစ်တော့မည်။ ဝမ်းသာဝမ်းနည်း ဒွန်စုံတွဲ မကြာခင်မှာပဲ တွေ့တော့မည်။*

www.burmeseclassic.com

# ပတ္တမြားမြေအတွေး

မိုးကုတ်မြို့ရဲ့ ဗျူးပွိုင့်နေရာ ခဏနားရာမှ ကားဖြင့် ပြန်ဆင်းလာတဲ့အချိန်မှာတော့ မိုးကုတ်ဆရာတော်ဘုရားကြီး မိုးကုတ်မြို့၊ ဘော်ပတန်းရွာ၊ ဘော်ပတန်းဂူတွင် တရားအားထုတ်ခဲ့သည့်အကြောင်းများက ခေါင်းထဲဝင်လာတော့၏။ ဘောပတန်းရွာဟာ မိုးကုတ်နဲ့ (၄)မိုင်ခန့်မှာ ရှိတယ်လို့ ကြားဖူးတယ်။

★ မိုးကုတ်ဆရာတော်ကြီးက
မိုးကုတ်မြို့၊ ဘော်ပတန်းကျောက်ဂူ
၁၃၀၄ ခုနှစ် (၁၉၄၂)

★ မဟာဗောဓိမြိုင်ဆရာတော်ကြီးက
မိုးမိတ်မြို့၊ မပဒန်ကျောက်ဂူ
၁၃၇၄ ခုနှစ် (၂၀၁၂)



အဲ့ဩစရာ နှစ်ပေါင်း (၇၀)တိတိ၊ ဂူနာမည်၊ မြို့နာမည်၊ နေရာဒေသကလည်း မနီးမဝေး ပတ္တမြားမြေတွေပဲ။

ဩော် . . . ဆရာတော်ကြီးများ ပတ္တမြားမြေမှာ တရားအမွေတွေ ရကြတာပဲဟု တွေးရင်းပင် ပတ္တမြားမြေက ကြိုဆိုပါ၏၊ နှုတ်ဆက်ပါ၏ ဆိုင်းဘုတ်ဆီသို့ ရောက်သွားရတော့ . . . မဏိ မိဂေါ စသော ပါဠိစာပေက မိမိရဲ့ နှုတ်မှာ တိုးထွက်လာပါတော့၏။

ထို့ကြောင့်ပင် ပတ္တမြားနှင့် သမင်၊ တရားနှင့် သင်တန်ဖိုးသိမြင်ခြင်း၊ မသိမြင်ခြင်းတို့၏ ကွာဟခြင်းများကို တွေးတောရင်းပင် ခရီးနှင်ခဲ့ကြရသည်။

www.burmeseclassic.com

## ပတ္တမြားနှင့် သမင်၊ တရားနှင့် သင်

မဏိံ မိဂေါ ပဿန္တောပိ၊
တိဏံ ခါဒံဝ ဂစ္ဆတိ။
လဒ္ဓကာလော ဒုပ္ပညောပိ၊
ကာမံ ဘုဉ္ဇံဝ ဂစ္ဆတိ။

တောအုပ်မြိုင်နား တောမှာဖွားရှ်၊ တောစားကျက် တောကိုခင်မင် တောသမင်သည်၊ တန်ဖိုးမြင့်မောက် ပတ္တမြားကျောက်ကို၊ မျက်စိရှေ့မှောက် ခြေလက် အောက်တွင်၊ မျက်ဝါးထင်ထင် တွေ့မြင်နေရ သော်လည်း၊ ပတ္တမြားကို မကောက်၊ မြက်ခြောက်ကိုသာ ကောက်ယူ စားသောက်၍၊ သူပျော်မွေ့ရာ တောဝနာသို့၊ ပြေးလွှား ပျော်ပါး၍ ဝင်သွားသကဲ့သို့။



သမင်အလား မခြားနမူ အလားတူသာလျှင်၊ ပညာ နည်းလှသော လူဗာလ ပုထုဇ္ဇနသည်၊ မဂ်ဖိုလ်နိဗ္ဗာန် ရကြောင်းမှန်သော အခွင့်အခါကောင်းကို ကြုံကြိုက်နေရ ပါလျက်၊ လောကီအာရုံ ကာမဂုဏ် မြက်ခြောက်ကိုသာ ကောက်ယူစားသောက်၍ နေကြကုန်၏။

သမင်ဆိုတာ . . .

*သူမွေးတာ တောအုံချုံကြား*
*သူစားတာက မြက်များ*
*သူပျော်တာက တောတောင်*
*သူသိတာက အိပ် စား ကာမ ဤသုံးဝသာ။*

ထို့ကြောင့် သူသည် ပတ္တမြားရဲ့တန်ဖိုး သူမသိရိုး အမှန်ပဲ။ ပတ္တမြားမည်လည်း သမင်အတွက် အသုံး မတည့်တတ်။

လူမိုက်သည် . . .

*သူမွေးတာက လူမိုက်တို့နေရာ (ဒုဂ္ဂတိဘုံ)*
*သူစားတာက ဘုံစာ အာရုံများ (ဒုစရိုက် အာရုံ)*
*သူပျော်တာက ကြိုက် မကြိုက် အမိုက် အာရုံများ။*

www.burmeseclassic.com

သူသိတာက အိပ်-စား-ကာမ အားရပါးရ
ဤသုံးဝသာ။

ဒီလိုဆိုရင် သမင်နှင့်သင် ဘာထူးမှာလည်း။

★ ပတ္တမြားမသိတဲ့ သမင်
တရားမသိတဲ့ သင်။

★ မြက်ကြိုက်တဲ့ သမင်
ရမ္မက်ကြိုက်တဲ့ သင်။

★ ပတ္တမြားကျော်သွားတဲ့ သမင်
တရားကျော်လွှားတဲ့ သင်
တကယ်ပင် မထူးတော့ပြီ။



# ပတ္တမြားနှင့် သမင်၊ တရားနှင့် သင်

## (ကဗျာ)

★ ကြောင်းကျိုးမမြင် တောသမင်သည်
သစ်ပင်မြက်ခင်း စားကျက်တွင်းဝယ်
ပက်ပင်းရှေ့နမှာက် ပတ္တမြားကျောက်ကို
ဝင်းတောက်ထင်ရှား တွေ့မြင်ငြားလည်း
မစားမမျို မောဟပိုလျက်
ရှောင်ကာကွင်း၍ အလိုမဲ့ကင်း
တောတွင်းသို့သာ မြူးတူးနွာပြန်
ပြေးကာဝင်သက် အပျော်ဆက်ဦး

www.burmeseclassic.com

★ ဘတိဗလာ ပညာနတ္ထိ
အဘိလွှဲမှား ထိုလူဘားလည်း
တွေ့ကြားမျက်မှောက် ဓမ္မကျောက်ကို
ယူကောက်ခွင့်ရ တွေ့ကြုံကြလည်း
မောဟဖုံးပိတ် ကာမခိတ်ဖြင့်
အနိဋ္ဌာရုံ ကာမဂုဏ်မှာ
အာရုံကျက်စား ထပ်မနားဘဲ
ပတ္တမြားနှင့်ဘမင် တရားနှင့်ဘင်
ပုံအသွင်သို့ နုမင်မဆုံး
အဝိဇ္ဇာဖုံး၍ မဆုံးဘဲ့ဘရာ
လည်ရရှာဘည် ငါ့မှာဘတိ
အရှိဘိပို့ ကောင်းပြီတကား။

ဗုဒ္ဓေါရသ



# ပတ္တမြားနှင့်မြက်

ယခုအချိန်ကာလ သမယကား သာသနာနှင့် လူ့ဘဝ တည့်တည့်ဆုံကျနေခိုက်၊ ကြုံကြိုက်နေခိုက်၊ ထွန်းကားနေခိုက်ဖြစ်သလို တစ်ဖက်အာရုံ ကာမဂုဏ်တွေကလည်း ဘိုးဘိုးအောင် ဝ,လုံးများလို တစ်လုံးဖျက် နှစ်လုံးပေါ်၊ နှစ်လုံးဖျက် လေးလုံးပေါ်သလို တိုးလို့၊ ပွားလို့ နေချိန်ဖြစ်၏။

သာသနာထွန်းကားပါတယ်လို့ ဘယ်လိုပြောကြားသော်လည်း သာသနာဟူသော ပတ္တမြားကျောက်ကို မိုးရာသီများ တိုးပွားနေပါတဲ့ ကာမဂုဏ်မြက်များက ဖုံးလွှမ်းထားသဖြင့် ယခင်ကပင် မြက်ကိုသာ မင်တဲ့သမင် ဘယ်လိုပင် ပတ္တမြားကို မြင်တော့ပါမည်နည်း။

www.burmeseclassic.com

ကာမဂုဏ်အာရုံများက မိုးဦးကျနှင့်အတူ ငါးရစ်ထသလို သွေးသစ်ထနေသဖြင့် ပဋ္ဌာမြားကို မြက်များအုပ်နေချေပြီ။

ပကာသနမဖောက် သဘာဝအလျောက် တန်ဖိုးတောက်ပနေသော အဖိုးတန် ပဋ္ဌာမြားကျောက်ဟာ ရာသီပေါ် မြက်များအောက်သို့ ကျရောက်နေခဲ့ရပြီ။

မိုးရာသီပျောက်၍ နေတောက်လာသည့်အခါ မြက်ဖျားတွေခြောက်၊ မီးတွေ တောက်လောင်ရင် မြက်ခြောက် ပြာကျသွားတော့ သဘာဝကျောက် ပဋ္ဌာမြားမှောက်ရဲ့တန်ဖိုး သိသွားမှာပါ။

မြက်များက ရာသီသုံး၊ ရာသီစာ ရေရှည်မကြာဘူး။

ပဋ္ဌာမြားက ကြာရှည်သုံး၊ ကြာရှည်စာ ရေတိုစာမဟုတ်ဘူး။

ပဋ္ဌာမြား မီးဝါးက အရည်တက်၍ တန်ဖိုးထွက်တယ်။

မြက်များ မီးဝါးက ပြာဖြစ်လျက် အကုန်ပျံ့ထွက်တယ်။

အဲဒါဟာ အရည်အသွေးရဲ့ သော့ချက်ပါ။



မြက်များဆိုတာက သမင်စားတာ။

ပဋ္ဌာမြားဆိုတာက ဘုရင်သုံးစားတာ။

အဲဒါ သင် ဘယ်ဟာ သုံးစားမှာလဲ။

လူ့ဘဝနှင့် သာသနာ တွေ့ဆုံခိုက်မှာတော့ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ် အကျင့်မြတ်တို့ဖြင့် ဝိပဿနာ မဂ်ဖိုလ် နိဗ္ဗာန်ဟူသော အဖိုးများစွာ ထိုက်တန်တဲ့ ပဋ္ဌာမြားကို တွေ့နေပါလျက်၊ ကိုယ်တိုင် ကောက်ယူလျှင် ရပါလျက် ရာသီအပေါ် ဖုံးလွှမ်းနေသော လောကီအာရုံ ကာမဂုဏ်တည်းဟူသော မြက်တို့ကိုသာ တွယ်တာမြတ်နိုးနေကြပါလျှင် အဘယ်မှာ လွတ်မြောက်နိုင်ပါအံ့နည်း။

အဘယ်သို့ပင် ကာမဂုဏ်အာရုံတည်းဟူသော မြက်တွေ ဖုံးနေစေကာမူ ကိုယ်တိုင်ဖြည့်ကျင့်သော သတိအသိတို့ဖြင့် အဖိုးများစွာ ထိုက်တန်လှပါသော ပဋ္ဌာမြားတည်းဟူသော ဝိပဿနာ မဂ်ဖိုလ်ရတနာများကို မရအရ ကောက်ယူကြပါလျှင် ယခုလည်းချမ်းသာ နောင်လည်းကြွယ်ဝ အမတဟူသော ရလဒ်ထူးကြီးကို ဧကန်မုချ ရမည်သာတည်း။ တရားအမွေရကြ၍ ချမ်းသာကြမည်သာတည်း။

www.burmeseclassic.com

# ဘုရားပေးလိုသောအမွေ

ဓမ္မ ဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊
မာ အာမိသ ဒါယာဒါ၊
အတ္ထိ မေ တုမှေသု အနုကမ္ပါ၊
တိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ၊
ဘဝေယျုံ နော အာမိသ ဒါယာဒါတိ။

ရဟန်းတို့ ငါဘုရား၏ တရားအမွေကို ခံယူကြကုန်သည်ဖြစ်ကြကုန်လော့၊ ပစ္စည်း အာမိသအမွေကို ခံယူကြကုန်သည် မဖြစ်ကြကုန်လင့်။ သင်ချစ်သားတို့အပေါ်၌ ငါဘုရား၏ သနားငဲ့ညှာခြင်းရှိ၏။

အဘယ်သို့ သနားငဲ့ညှာခြင်းရှိသနည်းဟူမူ . . .

ငါဘုရား၏ တပည့်သာဝတို့သည် အဘယ်သို့လျှင် တရားအမွေ ခံယူကြကုန်သည် ဖြစ်ကုန်အံ့နည်း။ ပစ္စည်း



အာမိသအမွေကို ခံယူကြကုန်သည် မဖြစ်ပါကုန်အံ့နည်း။ ဤသို့ သနားသမှု ကြောင့်ကြပြုခြင်းရှိ၏။

ဘုရားရှင်အမွေသည် . . .

အာမိသ ပစ္စည်းအမွေ၊
ဓမ္မ တရားအမွေ၊
နှစ်မျိုးရှိ၏။

ပစ္စည်းလာဘ်လာဘများ၊ လောက၌ ဂုဏ်အရှိန်အဝါများ၊ အခြံအရံများ၊ နောက်နောင်ဘဝ ဘဝကောင်း ဘောဂကောင်းများ ရယူလိုခြင်းများတို့သည် အာမိသ အမွေဖြစ်၏။

မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းများ၊ မဂ်ဖိုလ်နိဗ္ဗာန် တရားများသည် ဓမ္မအမွေဖြစ်၏။

မြတ်စွာဘုရားသည် သာဝက တပည့်များကို အာမိသအမွေတို့ကို မပေးလို၊ ဓမ္မအမွေတို့ကိုသာ ပေးလို၏။ အာမိသအမွေကား ဘဝတိုင်း ရ၏။ ဓမ္မ အမွေကား ဘုရားရှင်သာသနာနှင့်တွေ့မှသာ ရ၏။

အာမိသအမွေကား ခဏတာ တစ်ဘဝတာမျှသာ ခံစားခွင့်ရှိ၏။

www.burmeseclassic.com

မမွှအမွေကား ဘဝသံသရာလုံး ဆုံးသည်အထိ ခံစားခွင့်ရှိ၏။

သင်သည် ဗုဒ္ဓသာသနာနှင့် လူ့ဘဝ တွေ့နေရချိန်မှာ ဘယ်အမွေယူမည်နည်း။ စဉ်းစားပြီး ဖြေပါလေလော့။ ပေါ့ပေါ့လေးတော့ မဖြေပါနဲ့။



# တစ်နည်း အမွေ

အမွေသည် တစ်နည်းအားဖြင့် . . .

မမြဲသောအမွေ

မြဲသောအမွေဟူ၍လည်း နှစ်မျိုးရှိ၏။

★ မိမိရဲ့ခန္ဓာဖြစ်စဉ် ဖြစ်ပျက်မမြင်၊ အမှန်မမြင်သေးသမျှ မမြဲသော အမွေခံသာဖြစ်၏။

ယနေ့ ဗုဒ္ဓ၏သာဝက ဗုဒ္ဓ၏အမွေခံဖြစ်ပေမယ့် မနက်ဖြန် အခြားသော တိတ္ထိဘုရားတို့၏အမွေခံ ဖြစ်နိုင်သေး၏။ ဗုဒ္ဓကိုပင် ကဲ့ရဲ့တတ်သေး၏။ ဘာသာပြောင်းသွား၏။

ထို့အတူ သည်ဘဝ၌ ဗုဒ္ဓ၏သာဝက ဗုဒ္ဓ၏အမွေခံဖြစ်ပေမယ့်၊ နောင်ဘဝ၌ အခြားဘုရား၏

www.burmeseclassic.com

တပည့်၊ အခြားဘုရား၏ အမွေခံဖြစ်တတ်သေး၏။ ထို့ကြောင့် မမြဲသော အမွေခံဟု ဆိုရသည်။

★ မိမိရဲ့ ခန္ဓာဖြစ်စဉ် ဖြစ်ပျက်မြင်၍ သက္ကာယဒိဋ္ဌိ စင်ကုန်၏။ ထိုသူတို့သည်သာ ယခုနှင့် နောင်ကာလများမှာ ဗုဒ္ဓ၏အမွေခံ၊ ဗုဒ္ဓ၏သာဝက ဖြစ်ကြကုန်၏။ ဗုဒ္ဓမှတစ်ပါး အခြားတိတ္ထိဘုရားတို့ကို မှားပြီး ကိုးကွယ်စရာမရှိတော့ချေ။ ဗုဒ္ဓ၏ သားတော်အစစ်၊ သမီးတော်အစစ်ဖြစ်ကြ၍ ခမ္ဘ အမွေခံ မြဲသော အမွေခံ ဖြစ်ကြကုန်တော့၏။



# အမွေခံ (၆)ဦး

လောကမှာ သူဌေးကြီးတစ်ယောက်ရှိ၏။ အမွေခံ သားသမီး ခြောက်ယောက်ရှိကုန်၏။ ရွှေ၊ ငွေ၊ ပတ္တမြား ရတနာများစွာ ချမ်းသာ၏။ ထိုရတနာတို့ကို သားသမီး အမွေခံတို့အတွက် မြေ၌ မြှုပ်နှံထားကုန်၏။ စားသောက်ဖို့သာ အထိုက်အလျောက် ချန်ထား၏။

သူဌေးကြီး သေလွန်သောအခါ ရှိပစ္စည်း သားသမီးများ ခွဲယူကြကုန်၏။ အားလုံး ခြောက်ပုံ ပုံ၍ ယူကြ၏။ မြေတွင် မြှုပ်ထားသည်များကိုလည်း ခွဲတမ်းအရ တူးယူကြ၏။

၁။ သားတစ်ယောက်က လောဘကြီးစွာဖြင့် အပင်ပန်းခံ၍ အမြန်တူးဖော်ရာ ကုဋေများစွာ ရတနာတို့ကို ရ၍ သူဌေးကြီးဖြစ်တော့၏။

www.burmeseclassic.com

၂။ တစ်ယောက်က ဝီရိယကောင်းစွာဖြင့် အပင်ပန်းခံ၍ အမြန်တူးဖော်ရာ ကုဋေများစွာ ရတနာတို့ကို ရ၍ သူဌေးကြီးဖြစ်တော့၏။

၃။ တစ်ယောက်က စိတ်ဇွဲသန်စွာဖြင့် အပင်ပန်းခံ၍ အမြန်တူးဖော်ရာ ကုဋေများစွာ ရတနာတို့ကိုရ၍ သူဌေးကြီးဖြစ်တော့၏။

၄။ တစ်ယောက်က အကြံအဖန်ဉာဏ်ဖြင့် စက်ကိရိယာတို့ဖြင့် အမြန်တူးဖော်ရာ ကုဋေများစွာ ရတနာတို့ကိုရ၍ သူဌေးကြီးဖြစ်တော့၏။

၅။ တစ်ယောက်က လောဘနည်း၏။ ရသလောက်ငွေဖြင့်ပင် သူဌေးကြီးဖြစ်ပြီထင်၏။ မြေတွင်ရှိ ရတနာတို့ကို မိမိဥစ္စာဟူ၍ မမှတ်၊ ယူလိုသောဆန္ဒပင် မရှိ။ ရသမျှ ဥစ္စာနှင့်သာ တင်းတိမ်၍ နေ၏။

၆။ တစ်ယောက်က ရပြီးပစ္စည်းကို မကြာမီ ဖြုန်းတီး၍ ကုန်စေတော့၏။ မြေရှိဥစ္စာ တူးစရာပင် မကျန်။ မကောင်းသူဖြစ်၍လည်း ရွာက နှင်ထုတ်ခံရ၏။ တစ်ပြည်တစ်ရွာသို့ သွားရတော့၏။



# အမွေပေး အမွေခံ ယှုတတ်ရှုန်

★ မြတ်စွာဘုရားသည် သူဌေးကြီးနှင့်တူ၏။ သီလနှင့် ပရိယတ္တိမွေတို့သည် အိတ်တွင်းရှိ ပစ္စည်းဥစ္စာ ရွှေငွေရတနာတို့နှင့် တူ၏။

★ စိတ်စင်ကြယ်ခြင်း၊ ဈာန်အဘိညာဉ်တို့သည် မြုပ်ထားတဲ့ ရွှေငွေရတနာနှင့် တူ၏။ အယူစင်ကြယ်ခြင်း စသည်တို့သည် နက်နဲစွာ မြုပ်ထားသော များစွာသော ရွှေငွေရတနာတို့နှင့် တူ၏။

★ လောကုတ္တရာဉာဏ်သည် နက်နဲစွာ မြုပ်ထားသော များစွာသော ပဋ္ဌာန်းရတနာနှင့် တူ၏။

www.burmeseclassic.com

★ ဗုဒ္ဓဘာသာဝင်ဖြစ်ကြကုန်သော ရဟန်းယောက်ျား၊ ရဟန်းအမျိုးသမီး၊ သာမဏေယောက်ျား၊ သာမဏေ အမျိုးသမီး၊ ဥပါသကာအမျိုးသား၊ ဥပါသကာ အမျိုးသမီးတို့သည် အမွေခံ သားငါးယောက် တို့နှင့်တူ၏။

၁။ ထိုသူတို့တွင် ဆန္ဒအားကောင်း ရှိသူတို့သည် လောဘလွန်ကဲသော ပထမသူဌေးသားနှင့် တူ ကုန်၏။

ထိုသူတို့သည် တရားရလိုသော ဆန္ဒ အားကောင်းသဖြင့် သီလနှင့် ပရိယတ်လောက်ဖြင့် မတင်းတိမ်ဘဲ မြတ်ဗုဒ္ဓ၏ သာသနာ့ဓမ္မနှင့် တွေ့ရ ပေပြီ၊ ဓမ္မအမွေ ခံရပေပြီဟု မရမနေ အမြန် ကြိုးစား၏။ ရမှ နားကုန်၏။

၂။ ဝီရိယအားကောင်းသူတို့သည် ဝီရိယလွန်ကဲသော ဒုတိယသူဌေးနှင့် တူကုန်၏။

ထိုသူတို့သည် တရားရဖို့ရန် မရသေးသည့် တရားထူးရဖို့ အလုပ်အပင်ပန်းခံကာ ကြိုးစား အားထုတ်ကုန်၏။



၃။ စိတ်အားကောင်းသူတို့သည် စိတ်ဓါတ်ကြီးသော တတိယသူဌေးသားနှင့် တူကုန်၏။

ထိုသူတို့သည် တရားအလုပ် အားထုတ်ရာ အကျိုးကြီးမြတ် ဒုက္ခရပ်သည့်အလုပ်ကို သိရ၍ အခြားအလုပ်၌ စိတ်မရောက်တော့ဘဲ စိတ် ဇောက်ချလုပ်ကုန်၏။

၄။ ပညာအားကောင်းသူတို့သည် ပညာလွန်ကဲသော စတုတ္ထသူဌေးသားနှင့် တူကုန်၏။

ထိုသူတို့သည် သူများမတတ်နိုင်သော ခက်ခဲသော ပညာမှု၊ နက်နဲသော ပညာမှု၊ အကျိုး ထူးမြတ်သော ပညာမှုတို့ကို ဖြစ်မြောက်အောင် ထူထောင်လုပ်ကြဲ အားထုတ်နေရမှ စိတ်ကြည် နိုင်၏။ စိတ်ကျေနပ်၏။

၅။ ဆန္ဒအား၊ ဝီရိယအား၊ ပညာအား၊ စိတ်အား နုံ့နဲ့ သူတို့သည် လက်ထဲရောက်ရှိထားသော ဥစ္စာများ နှင့် သူဌေးကြီးထင်ကာ စိတ်ကျေနပ်နေသော ပဥ္စမ သူဌေးသားနှင့် တူကုန်၏။

ထိုသူတို့သည် သဒ္ဓါဆန္ဒ သေးနုပ်၍ အနည်း ငယ်သော အကျင့်သိက္ခာဖြင့်ပင် ကျေနပ်နေ၏။

www.burmeseclassic.com

ဝီရိယနည်း၍ မအိပ်မနေ ကြိုးစားမှု၌ စိတ်မဝင်စားကုန်။ ကြိုးစားလည်း မဖြစ်နိုင်ဟု ထင်ကုန်၏။ စိတ်စေတနာ သေးနုပ်၍ တရားအလုပ်၌ စိတ်မပါ၊ ဇွဲမြဲစွာ မလုပ်၊ သူများပြောစကားကို ကြားရတိုင်း စိတ်ပြောင်းတတ်၏။ ဟိုဟာ ဟုတ်နိုးနိုး၊ ဒီဟာ ဟုတ်နိုးနိုးဖြင့် ယောင်နေတတ်ကုန်၏။ ပညာ သေးနုပ်၍ တရားအလုပ် အကျိုးရှိမည့်အလုပ်ကို မိမိနှင့် မထိုက်တန်၊ မိမိတို့အလုပ်မဟုတ် သူတော်ကောင်းကြီးတို့အလုပ်ဟု ကိုယ်နဲ့မဆိုင်သလို ပစ်ပယ်ထားတတ်ကုန်၏။

ဤ၌ သေးနုပ်သော ဆန္ဒ၊ ဝီရိယ၊ စိတ္တ ဝီမံသတို့ကို ကြီးပွားလာအောင် ထူထောင်ပွားများကြရမည်သာ။ သို့မှ အားကောင်းလာကုန်ရာ၏။

၆။ ဗုဒ္ဓဘာသာအမည်ခံ ဗုဒ္ဓသာဝက ဖြစ်ကြကုန်သော သီလကင်းမဲ့ကြသော လူရဟန်းတို့သည် ဆဋ္ဌမသူဌေးသား လူပျက်နှင့် တူကုန်၏။

လူဆိုရင် သရဏဂုံ သီလပျက်သူ၊ ရဟန်းသာမဏေဆို ပါရာဇိကကျသူတို့သည် ဗုဒ္ဓအမွေခံ



ပစ္စည်းမရနိုင်ကုန်။ ဆိုင်ရာသီလတည်မှသာ ရနိုင်ကုန်၏။

ထိုသူတို့သည် ရပြီးပစ္စည်း ဖြုန်းတီး၍ မကြာမီမှာပင် ဗုဒ္ဓသာဝကအဖြစ်မှ နှင်ထုတ်ခံရမည်။ တစ်ပြည်တစ်ရွာ ပြောင်းမည်သာဖြစ်၏။

ထိုသူတို့ကား တရားထူးရလိုသော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာတို့ ကင်းဆိတ်နေလေကုန်၏။

ဗုဒ္ဓသာဝက အမည်ခံ၍ ဗုဒ္ဓဘာသာဝင် ဗုဒ္ဓသားသမီးစာရင်းဝင် မျိုးရိုးဖြစ်ပါလျက် ဆန္ဒအား စသည် နည်းပါး၍ အမွေဥစ္စာ မရကုန်။ အချို့လည်း ရပြီးပစ္စည်းပါ ဖြုန်းတီး အမွေခံ မဖြစ်ကြကုန်။ ထိုဣဒ္ဓိပါဒ် အားကြီးသူတို့သာ ထိုက်တန်တဲ့ အမွေပစ္စည်း ရကုန်၏။

သို့ဖြစ်ရကား ဗုဒ္ဓဘာသာအမည်ခံ ဗုဒ္ဓသာဝကတို့သည် ဆန္ဒအားကြီး၊ ဝီရိယအားကြီး၊ စိတ်ဇွဲအားကြီး၊ ပညာအားကြီးစွာဖြင့် ကြိုးစားအားထုတ်ပါမှ တရားထူး အမွေရ၍ ချမ်းသာကြမှာ ဧကန်ဖြစ်ပေကုန်၏။

www.burmeseclassic.com

# ပတ္တမြားမြေဆိုပေမယ့်

ဦးဇောမိရဲ့အတွေးက မိုးကုတ်မြို့ရဲ့ ပတ္တမြားမြေမှ ကြိုဆိုပါ၏ ဆိုင်းဘုတ်နှင့်အတူ ပြေးနေတော့၏။

ပတ္တမြားမြေဆိုပေမယ့် လူတိုင်းတော့ ပတ္တမြားတူးကြသည်မဟုတ်၊ တူးခွင့်ရသူ၊ တူးသူတို့သာ ပတ္တမြားရကုန်၏။

တချို့လည်း ထင်းခုတ်သူ၊ ဝါးခုတ်သူ၊ လယ်လုပ်သူ၊ ယာလုပ်သူများ၊ ပန်းရံလက်သမား စသည့် နေ့စားသမားတွေလည်း များ၏။

တချို့လည်း ပတ္တမြားမြေဆိုပေမယ့် စားစရာမရှိ နေစရာမရှိကြကုန်။ တချို့ကြတော့လည်း အိပ် စား ကာမ ဤသုံးဝဖြင့်ပင် အချိန်ကုန်နေကြ၏။ အရောင်းအဝယ်လုပ်သူများလည်း ရှိကြသေး၏။



ထို၌ ကျောက်ကောက်ယူသူတို့တွင် . . .

ကျောက်စရစ်ခဲ လိပ်သဲကျောက်ကောက်ယူသူ

အရည်အသွေးနုနု (ထမင်းစားကျောက်) ကောက်ယူသူ

ပတ္တမြားကောက်ယူသူတို့ပင် ကွဲပြားကြသေး၏။

မိမိတို့ဟာ ပတ္တမြားမြေမှာ နေရပေမယ့် လူတိုင်းတော့ ချမ်းသာသည်မဟုတ်၊ ပတ္တမြားကောက်ယူ၍ရသူတို့သာ ချမ်းသာမည်သာ။

ထို့အတူ ဗုဒ္ဓသာသနာ၌ . . .

ဗုဒ္ဓသာဝက ဗုဒ္ဓအမွေခံဟု အမည်ခံရုံများသည် ပတ္တမြားမြေမှာ နေသူများသာ ဖြစ်ကုန်သေး၏။

ဒါန သီလလောက်ဖြင့် တင်းတိမ်နေသူတို့ဟာ လိပ်သဲကျောက် ကောက်နေသူပမာသာ ရှိကုန်သေး၏။

သမာဓိ အဘိညာဉ်လောက်ဖြင့် တင်းတိမ်နေသူတို့ဟာ ထမင်းစားကျောက် ကောက်သူပမာသာ ရှိကုန်သေး၏။

www.burmeseclassic.com

ဝိပဿနာဉာဏ်၊ မဂ်ဖိုလ်ဉာဏ်အရောက် အားထုတ်သူတို့သည်သာ ပဋ္ဌာမြားကျောက် ကောက်ယူသူတို့ ဖြစ်ကုန်၏။

မိုးကုတ်မြို့သို့အရောက် ခရီးလျှောက်နေစဉ်မှာ -

မိုးကုတ်ဆရာတော်ဘုရားကြီးသည် မိုးကုတ် ဘော်ပတန်းဂူတွင် အားထုတ်ခဲ့သည်။ ယခု မဟာဗောဓိမြိုင် ဆရာတော်ကြီးသည် မိုးမိတ် မပဒန်ဂူတွင် အားထုတ်နေသည်ဟု တွေးနေစဉ်မှာ တွေ့မြင်လိုက်တာက "ပဋ္ဌာမြားမြေမှ ကြိုဆိုပါ၏ ဆိုင်းဘုတ်ကြောင့် အတွေးဝင်ပါ တွေးချင်စရာများဖြင့် တွေးခဲ့မိသည်များကို ရေးခဲ့မိခြင်းပင်။

ထို့အပြင် မဟာဗောဓိမြိုင် ဆရာတော်ထံတွင် လုပ်ငန်းစဉ် လုပ်ငန်းခွင်၌ တွေ့မြင်ချက်များကို မကွယ်မဝှက် မိန့်ဆိုချက်တွေကလည်း လေးနက်လွန်းလို့ ငါ့အတွက် ဤခရီးထွက်ခြင်းကား ကောင်းသောခရီး၊ ကောင်းသောသွားခြင်းဟု ရင်တွင်း ပီတိများ မွေးဖွားနေတော့၏။

ထို့နောက် ဆရာတော်ကြီးများကို ဆည်းကပ်ကြရာတွင် . . .



ဘေးကြောက်၍ ဆည်းကပ်ခြင်း၊
လာဘ်လို၍ ဆည်းကပ်ခြင်း၊
အမှတ်တမဲ့ ဆည်းကပ်ခြင်း၊
ငါတစ်လုံး သူတစ်လုံးဖုံးလျက် ဆည်းကပ်ခြင်း၊
တကယ်လုပ် အဟုတ်ဖြစ်ဖို့ ဆည်းကပ်ခြင်း၊
တကယ်မလုပ်ဘဲ အဟုတ်ဖြစ်ဖို့ ဆည်းကပ်ခြင်း၊
ဟတ်ချလောင်းဖြင့် ကောင်းမလားလို့ ဆည်းကပ်ခြင်း . . .

စသည်ဖြင့် ဆည်းကပ်ခြင်းမျိုးစုံ ရှိကုန်၏။

ဆည်းကပ်သူတို့ဘက်က အခံဓာတ်ရှိသလောက်သာ ပွင့်တတ်ကုန်၏။ ယူသလောက်သာ ရကုန်၏ဟု တွေးနေမိသေး၏။

တစ်ဖန် စာတတ်ပေတတ် နိုင်ငံကျော်ပြီး ရဟန်းရှင်လူတို့ လေးစားထိုက်သော ဆရာတော်ကြီးတစ်ပါးက-

မဟာဗောဓိမြိုင်ဆရာတော်သည် တောရဆောက်တည်၊ ဓူတင်ဆောင်ပြီး တကယ်တရားအားထုတ်နေသည့် ဆရာတော်ဖြစ်၍ လူတွေဟာ ကျင့်စဉ်ပျက်လောက်အောင် အကြောင်းမဲ့ မသွားသင့်ဘူး၊

www.burmeseclassic.com

ကျင့်သူအတွက် အနှောင့်အယှက်ဖြစ်တတ်တယ်ဟု မိန့်ဆိုသော စကားကလည်း နားထဲမှာ ပြန်ပြီး ကြားယောင်နေမိတော့၏။

သို့ဖြစ်ရကား ဆရာတော်ကြီးများကို ဆည်းကပ်ရာ၌ ဆရာတော်ကြီးများ စေခိုင်းသော အလုပ်ကို တကယ် အားထုတ်ကြပါရန်လည်း တိုက်တွန်းပါ၏။



# နိဂုံးဆုတောင်း

ယခုအချိန်အခါသည် သာသနာနှင့် လူ့ဘဝ ကြုံနေခိုက်ခါ . . .

သာသနာတည်းဟူသော ရတနာမြေပေါ်သို့ ရောက်နေကြသည်ဖြစ်၍ ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော ပတ္တမြားရတနာတို့ကို ဆရာဆည်းကပ်၊ ဆရာညွှန်ကြားသည့်အတိုင်း ရိုးရိုးသားသား ကြိုးကြိုးစားစား အားထုတ်သွားပါက ဧကန်မုချ ရကြမည်မှာ မလွဲသာတည်း။ သာသနာ့ပတ္တမြားမြေမှာ တရားအမွေ ယူနိုင်ကြမည်သာ။

ထို့ကြောင့် ရတနာမြေမှ ပတ္တမြားရတနာများ ကောက်ယူနိုင်သလို သာသနာ့မြေမှ မဂ်ဖိုလ် နိဗ္ဗာန်

www.burmeseclassic.com

ဟူသော တရားအမွေများကို ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်တို့ဖြင့် ရယူနိုင်ကြပါစေဟု ပတ္တနာပြုရင်း **"ပတ္တမြားမြေမှ တရားအမွေ"** သို့မဟုတ် **"ပတ္တမြားနှင့်သမင် တရားနှင့်သင်"** ဆောင်းပါး ဤမှာပင် နိဂုံးကမွတ် အဆုံးသတ်ရတော့သတည်း။

**ဗုဒ္ဓါရသ – အရှင်ဣန္ဒာစရိယ**

တောဓိရိပ်ငြိမ်တောရ

မော်ဘိ

(၁၃၇၄ ခုနှစ်၊ နယုန်လကွယ်နေ့)

၁၈-၆-၂၀၁၂

BURMESE CLASSIC .com
www.burmeseclassic.com